# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၇)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 21 June 2021 ၁၀၄၁၁


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံသို့ တက်ရောက်ရန် ရုရှားနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ(Moscow Conference on International Security-2021(MCIS-2021))သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ကြေးမုံ ယနေ့ ဖတ်စရာ


မဲမသမာမှုများဖြစ်ခဲ့သည့် ငြင်း၍မရနိုင်သောအချက်များ — စာမျက်နှာ » ၆

ဒုတိယ ပါကျောင် မဖြစ်စေလိုပြီ — စာမျက်နှာ » ၉

ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံး လမ်းစဉ်ဖြစ်သည် — စာမျက်နှာ » ၁၁

ဆရာမင်းယုဝေ၏ ဓမ္မပုံပြင် အတတ်ပညာရှင်နှင့် စဉ်းစားဉာဏ်ရှိသူ — စာမျက်နှာ » ၂၀

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါ ပြည်သူအားလုံး စုပေါင်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ယခုမေလကုန် ဇွန်လဆန်းမှစတင်၍ ရောဂါကူးစက်ပြန့်ပွားမှု တဖြည်းဖြည်းမြင့်တက်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဇွန်လ ၁၈ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၁ ဦး တွေ့ရှိပြီး ထပ်မံသေဆုံးသူ တစ်ဦးရှိခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄၆ ဦး တွေ့ရှိပြီး ထပ်မံသေဆုံးသူ ခုနစ်ဦးရှိရာ ဖြစ်ပွားမှုနှုန်း သိသိသာသာမြင့်မားနေသည်ကို သတိထားရမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဗီဇမျိုးကွဲသစ် ကူးစက်ပြန့်ပွားနှုန်းမှာ မြင့်မားလျက်ရှိရာ ရောဂါကူးစက်သူ ၁၇၈ ဒသမ ၂ သန်းကျော်ရှိပြီး ရောဂါကြောင့် သေဆုံးသူ ၃ ဒသမ ၉ သန်းကျော်ခန့်ရှိနေပြီဟု သိရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း တစ်သိန်းခွဲခန့်ရှိပြီး သေဆုံးသူလူနာ စုစုပေါင်း သုံးထောင်ကျော် ရှိနေပြီဖြစ်သည်။ ဆေးရုံဆင်းခွင့်ရသူ တစ်သိန်းသုံးသောင်းကျော်ရှိပြီး လူနာတစ်သောင်းကျော် ဆေးကုသမှုခံယူနေရသည်။ ယခုအခါ ရောဂါဖြစ်ပွားမှု မြင့်တက်လာသဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို အလျင်အမြန်ပြုလုပ်နေပြီဖြစ်သည်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်သည် နိုင်ငံသားအားလုံး စုပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်သည့်အားလျော်စွာ နိုင်ငံရေး လိုဘမပြည့်မှု၊ သဘောထားကွဲလွဲမှုများနှင့် တစ်ဦးချင်းကိုယ်ပိုင်လိုအင်ဆန္ဒများကို ဘေးဖယ်၍ အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများတွင် မျိုးရိုးဗီဇပြောင်း ဗိုင်းရပ်စ်ပိုးသစ်ကူးစက်မှုဖြစ်ပွားပြီး မြန်မာနိုင်ငံသို့ပါ ကူးစက်လာခဲ့သည်။ မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများနှင့်ဆက်စပ်၍ ကလေးမြို့တွင် တစ်ဦး၊ မြိတ်မြို့တွင် သုံးဦး၊ မန္တလေးမြို့တွင် လေးဦး၊ တမူးမြို့တွင် နှစ်ဦးနှင့် ပြည်ပပြန် ရန်ကုန်တွင် တစ်ဦးတို့၌ မျိုးရိုးဗီဇပြောင်းပိုး တွေ့ရှိခဲ့သည်။ ရောဂါပိုး စစ်ဆေးတွေ့ရှိမှုအရ မျိုးရိုးဗီဇကွဲပိုးသုံးမျိုးတွေ့ရှိမှုကို ဇွန်လ ၁၅ ရက်နေ့က တရားဝင်ထုတ်ပြန်အသိပေးခဲ့ပြီး ပိုးသုံးမျိုးတွင် Alpha နှင့် Delta တို့သည် ရောဂါပိုးကူးစက်နိုင်မှုနှင့် ထပ်မံကူးစက်ပျံ့နှံ့နိုင်မှု ပိုမိုမြင့်မားသည့်အပြင် ဆေးရုံတက်ရောက်နိုင်ခြေနှင့် သေဆုံးနိုင်ခြေမြင့်မားကြောင်း သိရသည်။

ယခုအခါတွင် မျိုးရိုးဗီဇပြောင်း ဗိုင်းရပ်စ်ပိုးသစ် စတင်တွေ့ရှိသည့် နိုင်ငံသား ၁၁ ဦးကို ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိသော်လည်း ယခုရက်ပိုင်းအတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့မှုနှုန်းနှင့် သေဆုံးနှုန်းမြင့်မားနေသောကြောင့် ကျန်းမာရေးလုံခြုံမှုစည်းမပေါက်စေရန် အထူးဂရုစိုက် စောင့်ကြပ်စစ်ဆေးကာကွယ်ပေးရန် လိုအပ်နေသည်။ နယ်စပ်ဂိတ်နှင့်ပြည်ပအဝင်အထွက်များတွင် စိစစ်စစ်ဆေးလျက်ရှိသော်လည်း တရားမဝင် ဝင်ပေါက်များမှ ရောဂါပိုးရှိသူဝင်ရောက်လာပါက အားလုံးဒုက္ခရောက်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မမြင်နိုင်သော ရောဂါပိုး ကူးစက်မှုကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူအပေါင်းတို့အနေဖြင့် ကျန်းမာရေးစည်းကမ်းများကို အထူးဂရုစိုက်လိုက်နာကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါပိုး မျိုးရိုးဗီဇပြောင်းအန္တရာယ်နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုအန္တရာယ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြုံတွေ့နေရပေသည်။ ယခုအချိန်အခါတွင် နိုင်ငံရေးစိတ်ခံစားချက်ပြင်းထန်မှု၊ နိုင်ငံရေးလိုဘမပြည့်မှု၊ သဘောထားအမြင် အယူအဆကွဲလွဲမှုကြောင့် ကိုဗစ်-၁၉ ရောဂါပိုးသစ် ဖြစ်ပွားမှုကို မျက်ကွယ်ပြု၍ မိမိတို့စိတ်ဆန္ဒများကို ဦးစားပေးမိပါက ဖြစ်ပေါ်နိုင်သော ကပ်ရောဂါပိုးအန္တရာယ်သည် နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များထက် အဆပေါင်းများစွာကြီးမားသည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ အန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်၍ နိုင်ငံသားအားလုံး စုပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# အမရပူရမြို့နယ်၌ ဒုဋ္ဌဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ကိုးသိန်း မျိုးစိုက်ထည့်



**အမရပူရ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးကြပ်၍ အမရပူရမြို့နယ် မြစ်ငယ်တံတားအနီး ဒုဋ္ဌဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါ မြစ်ငယ်တံတားအနီးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးအောင်ညီတိုး၊ မန္တလေးခရိုင် ဦးစီးမှူး ဦးငွေးမင်း၊ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဦးကျော်တေဇ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များဖြစ်သော မြို့နယ် ဆည်မြောင်းဦးစီးဌာနမှူး ဦးလှိုင်ဝင်းထက်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ငြိမ်းငြိမ်းပြုံး၊ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်းစခန်း တာဝန်ခံများနှင့် တိုင်း/ခရိုင်/စခန်းတို့မှ ဝန်ထမ်းများ တက်ရောက်ပြီး ဒုဋ္ဌဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ကိုးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနပြည်နယ်အဆင့် အသေးစားချေးငွေကြီးကြပ်မှု ကော်မတီ (၃/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၅ ရက်က ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ China EXIM Bank ချေးငွေရယူ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြို့နယ်များမှ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများ



တက်ရောက်ကြသည်။

**ပေးသွင်းနိုင်ရေး**

အဆိုပါအစည်းအဝေးတွင် China EXIM Bank ချေးငွေများကို သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းနိုင်ရေးနှင့် Daedong လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချပေးထားမှုနှင့် ပေးသွင်းရမည့် တန်ဖိုးများအား သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများက ချေးငွေများပြန်လည်ကောက်ခံသွားမည့် အခြေအနေများကို တင်ပြကြရာ ပြည်နယ်ဦးစီးမှူးနှင့် အသင်းစုချုပ်ဥက္ကဋ္ဌတို့က ဆောင်ရွက်ရန်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သထုံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်

**သထုံ ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေသည့် လမ်း/တံတားလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၁၇ ဒသမ ၂၅၇ သန်းဖြင့် သထုံမြို့နယ်အတွင်းရှိ ဘူဒင်းချောင် - ထိန်ပင် ကျေးရွာချင်းဆက် ကျောက်ချောလမ်း တစ်မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေများကို မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်မျိုးနှင့် တာဝန်ရှိသူများက ယနေ့ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ငွေကြယ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်း |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော် | | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | | | |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူ ဆောင်ရွက်ခဲ့

**၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ် ကာလကတည်းကပင် ရာနှုန်းပြည့်ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (**NCA**) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊** NCA **လက်မှတ်မရေးထိုးမီကာလအတွင်း** Gentleman Aggrement **များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

**✪ ရှေ့ဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay A.Listopadov နှင့် တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူး Colonel Sergei Kurchenko နှင့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရအရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ(MCIS–2021) သို့ ပါဝင်တက်ရောက်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာသွားကြမည်ဖြစ်ကြောင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည်လည်း စိန့်ပီတာစဘက်မြို့တွင် ကျင်းပမည့် နိုင်ငံတကာရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲ (International Maritime Defence Show IMDS) သို့ ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညီညွှန့်စောတို့သည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေနှင့် အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံအနေဖြင့် ဆောင်ရွက်နိုင်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ၉၈ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ကျန်ရှိနေသောလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် သံသတ္တုမိုင်းရှုရပ်၊ Primary Sizing Area၊ Secondary Sizing Area၊ Lime and Dolomite Plant နှင့် Romelt Plant Area ရှိ စက်ပစ္စည်းကိရိယာများ တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို စက်ရုံတစ်ရုံချင်း အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေး၍ သံစိမ်းကုန်ကြမ်းနှင့် ကုန်ချောများ၏ အရည်အသွေးထိန်းသိမ်းရေးအတွက် စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိ စီမံကိန်းလုပ်ငန်းများပြီးစီးပါက တစ်နှစ်လျှင် သံစိမ်း (Pig Iron) တန်ချိန် ၂၀၀၀၀၀ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ သံနှင့်သံမဏိဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသည့် စက်ရုံကြီးများ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်မည့်အပြင် ဒေသခံများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်နည်းပညာ လွှဲပြောင်းရယူရေးတွင် များစွာအထောက်အကူပြုမည့် စက်ရုံဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးညီညွှန့်စောတို့သည် ဟဲဟိုးမြို့ရှိ မြင်းမွေးမြူရေးဌာနတွင် လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သနပ်ပင်မြို့ ကျိုက်ပဒိုင်ရေလွှဲပေါက်တွင် ငါးမျိုးစိုက်ထည့်

**သနပ်ပင် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတမပြုန်းတီးရေး၊ ငါးစားသုံးမှုဖူလုံရေးအတွက် ဇွန် ၁၈ ရက် နံနက် ၉ နာရီက သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာရှိ ကျိုက်ပဒိုင် ရေလွှဲပေါက်နေရာ၌ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

**ငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ မျိုးစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးဝေ၊ သနပ်ပင်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးသိန်းမြင့်အေးနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သော မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဒေါ်နွယ်နွယ်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ကြူကြူမြင့်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်စွာနီဝင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးသက်နောင်၊ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အင်းသားကြီးများ၊ ဒေသခံရေလုပ်သားများ တက်ရောက်ခဲ့ကြသည်။ သနပ်ပင်ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၆၀၀၀၀ နှင့် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ် တိုးတက် ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

**တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တိုးတက်သုံးစွဲ လာမည့် ဓာတ်အားလိုအပ်ချက်များကို ကြိုတင် တွက်ချက်၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက် ထားရန်လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများကို တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်ဓာတ်အားခများအား သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများက အောက်ခြေအထိ ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ဖြေလျော့မှုဖြစ်စေရန် ပြည်သူ လူထုသို့ ယူနစ် ၁၅၀ အခမဲ့သုံးစွဲခွင့်ပြုခဲ့သည့် အတွက် တစ်လလျှင် ၃၅ ဘီလီယံခန့် နိုင်ငံတော် အစိုးရက စိုက်ထုတ်သုံးစွဲမှုများကို ကာမိစေရန် ပျောက်ဆုံးယူနစ်များ ကျဆင်းသွားအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လျှပ်စစ်စွမ်းအင် ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့ဒေသရှိ ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့ပြီး ပြည်သူလူထု၏ လိုအပ်ချက်များ ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဝန်ဆောင်မှုပေးသွား ရန်နှင့် နည်းလမ်းမျိုးစုံဖြင့်စဉ်းစား၍ စီမံဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက် မှုကို ရှင်းလင်းတင်ပြကြရာ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်



စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်အတွင်းရှိ ပုဂ္ဂလိကပိုင် ဒေသန္တရရေနံချက်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး မိမိတို့ဝန်ကြီးဌာနကလည်း လိုအပ်သည်များကို ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၁ ခုနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၁ ခုနှစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ဌာန/လုပ်ငန်း/ ကော်ပိုရေးရှင်းများ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစား ကွင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**အားပေးကြည့်ရှု**

ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းဗိုလ်လုပွဲစဉ် ကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနအသင်း(DPTSC)နှင့် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအသင်း(MESC) တို့ယှဉ်ပြိုင်ကစားနေမှုကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဌာနဆိုင်ရာ အကြီး အကဲများနှင့် ဝန်ထမ်းများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲတွင် မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းအသင်းက ဗိုလ်စွဲခဲ့သည်။

ထို့နောက် ပထမဆုရရှိသော မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း အသင်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး




ဦးစီးဌာနအသင်းအား ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က လည်းကောင်း တစ်ဦးချင်း၊ အသင်းလိုက်၊ ဆုတံဆိပ် များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီး ဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများမှ ကိုယ်စားပြု အသင်း(၁၁)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝင်ရောက် ယှဉ်ပြိုင်သူ အားကစားသမားများအနက် ထူးချွန်သူ များကို ဝန်ကြီးဌာနအသင်းသားများအဖြစ် ရွေးချယ် စခန်းသွင်းလေ့ကျင့်၍ ၂၀၂၁ ခုနှစ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၀

| | | |
|---|---|---|
| ဟသ်ာတ | ၄ ဒသမ ၅၇ | လက်မ |
| သံတွဲ | ၃ ဒသမ ၉၈ | လက်မ |
| လပွတ္တာ | ၂ ဒသမ ၂၈ | လက်မ |
| သာယာဝတီ | ၂ ဒသမ ၂၅ | လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၁၇ | လက်မ |
| ဖာပွန် | ၂ ဒသမ ၁၁ | လက်မ |
| ကျောက်တော် | ၂ ဒသမ ၀၉ | လက်မ |
| မာန်အောင် | ၂ ဒသမ ၀၅ | လက်မ |
| လောင်းလုံး | ၁ ဒသမ ၈၉ | လက်မ |
| လှည်းကူး | ၁ ဒသမ ၇၇ | လက်မ |
| မြောက်ဦး | ၁ ဒသမ ၆၅ | လက်မ |

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက်ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၂၀**

ပြည်ပပို့ကုန်တိုးတက်ထုတ်လုပ်ရေးနှင့် သွင်းကုန်လျှော့ချနိုင်ရေးအတွက် ဒေသအလိုက် သီးနှံအလိုက် သီးနှံပုံစံများ ရေးဆွဲအကောင်အထည်ဖော်ရန်လိုကြောင်း၊ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သီးနှံအထွက်တိုးရေးအပြင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးနှင့် အကျိုးအမြတ်တွက်ခြေကိုက်ရေးတို့ကိုအခြေခံသည့် တောင်သူအကျိုးရှိစေမည့် သီးနှံပုံစံများ ဖော်ထုတ်ပေးရန်လိုအပ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ပြည်ပသွင်းကုန်များကြောင့် သုံးစွဲနေရသည့် နိုင်ငံခြားသုံးငွေလျှော့ချနိုင်ရေးအတွက် ဗျူဟာမြောက် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေး အလေးထားကြိုးပမ်းကြစေလိုကြောင်း ယမန်နေ့က နေပြည်တော် ပျဉ်းမနားရှိ ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငါးဖမ်းရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးဗဟိုဌာန (နေပြည်တော်)တွင် VMS စနစ်ဖြင့် ငါးဖမ်းရေယာဉ်များအား စောင့်ကြည့်ထိန်းချုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် နေပြည်တော်ရုံးအမှတ်(၃၆)တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Service-OSS) သို့ရောက်ရှိကြပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ပို့ကုန်သွင်းကုန်များအတွက် ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များနှင့် ဝန်ဆောင်မှုအားလုံးကို တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်ပေးနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# မုဒုံမြို့နယ်၌ သဘာဝချည်ဆိုးဆေးသင်တန်းဖွင့်

**မုဒုံ ဇွန် ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်သက်မွေးပညာသင်တန်း ကျောင်းတွင် သဘာဝချည်ဆိုးဆေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။



အဆိုပါ သင်တန်းကို မုဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သဘာဝဆိုးဆေးနည်းပညာကို စိတ်ပါဝင်စားသည့် သင်တန်းသား ၁၅ ဦးတို့အား သင်တန်းနည်းပြနှစ်ဦးက ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(မုဒုံ)**



# မဲမသမာမှုများဖြစ်ခဲ့သည့် ငြင်း၍ မရနိုင်သော အချက်များ

မင်းခန့်

ခေါင်းစဉ်မှာဒီလိုပြောလို့ စာရေးသူက ယခုအသစ်ဖွဲ့ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ကို ကိုယ်စားပြုပြီးရေးသားတယ်လို့တော့ မထင်လိုက်ပါနဲ့။ မဲမသမာမှုဖြစ်ခဲ့တဲ့ အချက်တွေကို ဖော်ပြမှာဖြစ်လို့ တပ်မတော်ထောက်ခံသူလို့လည်း မထင်စေချင်ပါဘူး။ စာရေးသူက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဘယ်လို ဖြစ်ပွားခဲ့တယ်ဆိုတာကို စိတ်ဝင်စားလို့ UEC အသစ်ရဲ့ စစ်ဆေးတွေ့ရှိမှု ထုတ်ပြန်ချက်တွေကို စောင့်ကြည့်လေ့လာနေတဲ့ သာမန်ပြည်သူတစ်ဦးပဲဖြစ်ပါတယ်။

**ယနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေက ရွေးကောက်ပွဲမသမာမှုကြောင့်လို့ဆိုပါတယ်။ ရွေးကောက်ပွဲမှာ တကယ်ရော မသမာမှုတွေရှိခဲ့သလားဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိချင်စိတ်ပြင်းပြတဲ့အတွက် အခုလိုစောင့်ကြည့်ခဲ့တာလည်းဖြစ်ပါတယ်။** ယခု ရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်တွေကို လေ့လာကြည့်ရင် မြို့နယ်တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်တွေကို စာရင်းဇယားတွေ အသေးစိတ်ဖော်ပြချက်တွေနဲ့ ကာလကြာရှည်စွာ ထုတ်ပြန်ခဲ့တဲ့ အချက်တွေထဲက ပြည်သူလူထုကြီး ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်အောင် ထင်သာမြင်သာရှိတဲ့ မဲမသမာမှုများကို မီးမောင်းထိုးပြသွားမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၈ ရက်အထိ UEC အသစ်ထုတ်ပြန်ထားတဲ့ အချက်အလက်တွေအရ စာရေးသူလေ့လာတွေ့ရှိရတဲ့ အချက်များကို အများနားလည် သိရှိစေချင်တဲ့ စေတနာနဲ့ ဒီဆောင်းပါးလေးကို ရေးသားလိုက်ရတာဖြစ်ပါတယ်။ စာရေးသူရဲ့ ရေးသားချက်တွေဟာ ပါတီတစ်ခုကို ဝေဖန်တိုက်ခိုက်လိုတဲ့ သဘောမဟုတ်ဘဲ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာ အမှန်တကယ်ဖြစ်ခဲ့တဲ့ အခြေအနေမှန်တွေကို UEC ရဲ့ စစ်ဆေးချက်နှင့် ချိန်ထိုးပြီး ပုဂ္ဂိုလ်ရေးအမြင်နဲ့ ရေးသားဖော်ပြခြင်းသာဖြစ်ကြောင်း ရိုးသားစွာဝန်ခံလိုပါတယ်။

**ဘယ်လိုကြိုတင်ပြင်ဆင်ခဲ့ကြပါသလဲ**

NLD အစိုးရအနေနဲ့ တကယ်ပဲ မဲလိမ်မဲခိုးဖို့ ကြိုတင်ပါဝင်ဆောင်ရွက်ခဲ့ပါသလားလို့ မေးလာရင် သုံးသပ်တွေ့ရှိချက်တွေအရ ဆောင်ရွက်ခဲ့ပါတယ်လို့ပဲ တိုတိုပြတ်ပြတ် အဖြေပေးရမှာပါ။ **အထင်ရှားဆုံးသက်သေကတော့ UEC ဟောင်းအဖွဲ့ဝင်တွေကိုယ်တိုင်သက်သေထွက်ဆိုချက်တွေအရ UEC အဟောင်းက လွတ်လပ်တဲ့ကော်မရှင် မဖြစ်ခဲ့ဘဲ အာဏာရအစိုးရရဲ့ ချုပ်ကိုင်မှုအောက်မှာ လုပ်ဆောင်ခဲ့ရတယ်ဆိုတာ ဘယ်လိုမှ ငြင်းမရနိုင်ပါဘူး။** ကြိုတင်ကြံစည်ဆောင်ရွက်ချက်တွေထဲက ဥပဒေချိုးဖောက်ပြီး လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်တစ်ခုကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လဝကအတွက် ဥပဒေပြုခွင့်ကို တိုင်းနှင့် ပြည်နယ်တွေမှာ ပေးမထားပေမယ့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး **နှင့် ပြည်သူ့အင်အားဝန်ကြီးတွေကို တိုင်းနဲ့ပြည်နယ်တွေမှာ ခန့်အပ်ပြီး တိုးချဲ့ဖွဲ့စည်းခဲ့တာပါ။ နောက်ကွယ်က ရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ မဲစာရင်းနဲ့ လဝကမှာရှိတဲ့ စာရင်းကို မကွာခြားရလေအောင် ထိန်းညှိဖို့ကြိုးစားခဲ့တာပါ။** သို့သော်လည်း တိုင်းနဲ့ပြည်နယ်လဝကမှာရှိတဲ့ စာရင်းဆိုတာ ပြည်ထောင်စုအဆင့်မှာလည်းရှိပြီးဖြစ်လို့ အလွယ်တကူပြင်ဆင်လို့ မရနိုင်ပါဘူး။ ဒါက NLD အစိုးရအတွက် အားနည်းချက်တစ်ခုဖြစ်ခဲ့တာပေါ့။

နောက်တစ်ချက်ကတော့ NLD အမာခံတွေကို ရပ်/ကျေး ဥက္ကဋ္ဌနဲ့ ရွေးကော်အဖွဲ့ဝင်တွေအဖြစ် ကြိုတင်အစားထိုးထားတဲ့ကိစ္စပါ။ ပြည်နယ်နဲ့တိုင်းဝန်ကြီးချုပ်တွေက ဦးစီးပြီး ဆောင်ရွက်ကြတာကို ရုံးစာအထောက်အထားတွေနဲ့တွေ့ရပါတယ်။ ပဲခူးတိုင်းဝန်ကြီးချုပ် ဦးဝင်းသိန်းက သူ့ရဲ့တူမ NLD အမာခံ ဒေါ်စန်းစန်းမြတ်ကို ရွေးကော်အဖွဲ့ဝင်အဖြစ် ထည့်ဖွဲ့ထားသလိုမျိုးတွေပေါ့။ ရပ်/ကျေး ဥက္ကဋ္ဌနဲ့ ရွေးကော်အဖွဲ့ဝင်တွေက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေကို လက်တွေ့မြေပြင်မှာ ဆောင်ရွက်ရတဲ့နေရာနဲ့ အဆုံးအဖြတ်ပေးတဲ့နေရာမှာ အဓိကကျတဲ့သူတွေဖြစ်ပါတယ်။


ဒါကြောင့်လည်း ကြိုတင်မဲတွေ ကောက်ခံတဲ့နေရာမှာ NLD ပါတီ အောင်နိုင်ရေး လှုပ်ရှားတဲ့အဖွဲ့တွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ပါတီအလံတွေ၊ အမှတ်တံဆိပ်တွေသုံးပြီး ကြိုတင်မဲကောက်ခံခဲ့တဲ့ ကိစ္စရပ်မျိုးတွေဖြစ်ခဲ့တာပါ။ မဲစာရင်းပြုစုဖို့ မည်သူမည်ဝါဆိုတာကို အတည်မပြုနိုင်တဲ့ ကွန်ပျူတာကျွမ်းကျင်နှစ်ဦးစီကို မြို့နယ်ရွေးကော်တွေမှာ တစ်လ သီးသန့်ခန့်အပ်ခဲ့တဲ့ကိစ္စတွေ၊ ဒီကွန်ပျူတာတွေနဲ့ ဆက်စပ်ပစ္စည်းတွေကို International Foundation of Electoral System (IFES) က လှူဒါန်းခဲ့တာတွေကိုတော့ အများသိပြီးဖြစ်လို့ အကျယ်တဝင့် မပြောလိုတော့ပါဘူး။ ဒီမဲစာရင်းတွေကို တပ်မတော်က စစ်ဆေးတော့ မဲမသမာမှုဖြစ်နိုင်ခြေစာရင်း ၁၀ သန်းကျော် တွေ့ရှိရတာပါ။ လက်ရှိမြေပြင် စစ်ဆေးတွေ့ရှိချက်တွေအရလည်း စစ်ဆေးပြီးသမျှ ၃၁၉ မြို့နယ်မှာ မြို့နယ်ရွေးကော် စာရင်းအရ ဆန္ဒမဲပေးသူ ၃၈၀၄၄၃၇၈ (၃၈ သန်းကျော်) ဖြစ်ပြီး လဝကရဲ့စာရင်းအရ မဲပေးနိုင်သူ ၃၁၇၅၁၇၅၉ (၃၁သန်းကျော်) ဖြစ်နေလို့ မဲပေးနိုင်သူဦးရေ ၆ ဒသမ ၂ သန်း ပိုမိုများပြီး ဖောင်းပွနေတာ တွေ့ရှိရပါတယ်။ မှတ်ပုံတင်တစ်ခုတည်းနဲ့ နှစ်ကြိမ်ပါနေတဲ့ မဲစာရင်းက ၃၅၇၃၆၇၂ (၃၅ သိန်းကျော်)၊ သုံးကြိမ် မဲစာရင်းထဲပါနေတာက ၂၉၃၉၆၀ (၃ သိန်းနီးပါး) တွေ့ရှိခဲ့ကြောင်း UEC အသစ်က ဌာနဆိုင်ရာပေါင်းစုံနဲ့ UEC အဟောင်း အဖွဲ့ဝင်တွေပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စစ်ဆေးဖော်ထုတ်ထားပါတယ်။

ဒါတွေက မဲစာရင်းတွေကို သာမန်ထက် ပိုပြီးဖောင်းပွအောင်လုပ်ဖို့၊ လက်တွေ့ဆောင်ရွက်ရာမှာ ကိုယ့်လူတွေနဲ့ စိတ်ချလက်ချဆောင်ရွက်နိုင်ဖို့ကို ကြိုတင်ကြံစည် ပြင်ဆင်ထားခဲ့ကြတယ်ဆိုတာ အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။

**ဘာကြောင့် မဲစာရင်းတွေဖောင်းပွအောင် လုပ်ထားရသလဲ**

**မဲစာရင်းတွေဖောင်းပွအောင်လုပ်ရတဲ့ အဓိက အကြောင်းရင်းကတော့ မဲလက်မှတ်တွေ အပိုရိုက်ထုတ်ဖို့ ဖြစ်ပါတယ်။ မဲလက်မှတ်များ ရိုက်ထုတ်ခြင်းသည် မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ပေါ်မှာ မူတည်ပြီး ရိုက်ထုတ်ရတာဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူစာရင်း ဖောင်းပွနေခြင်းသည် မဲလက်မှတ်များ ဖောင်းပွခြင်းကိုဖြစ်စေပြီး မဲလက်မှတ်အပိုများ ထွက်ပေါ်လာပါတယ်။ ဒီမဲလက်မှတ်အပိုတွေကို အသုံးပြုပြီး ကြိုတင်မဲတွေ၊ အခြားသော နည်းလမ်းတွေနဲ့ လိုအပ်တဲ့နေရာတွေကို NLD ထောက်ခံမဲလက်မှတ်များ ဖြည့်တင်းနိုင်အောင်နဲ့ လိုအပ်သလို လှည့်နိုင်အောင် ဆောင်ရွက်ခဲ့ပါတော့တယ်။** မကွေးမှာ NLD တံဆိပ်တွေနဲ့ ချိတ်ပိတ်ထားတဲ့ မဲလက်မှတ် စာလာအိတ်တွေ NLD ရုံးတွေကနေတစ်ဆင့် ပို့ထားတာ တွေ့နေရတာမျိုးတွေပေါ့။ ဒါကြောင့် ယခုမြေပြင်စစ်ဆေးတွေ့ရှိချက်တွေမှာ မှတ်ပုံတင်မရှိဘဲ မဲစာရင်းတွင်ပါဝင်သူက ၄၉၀၁၀၄၃ (၄၉ သိန်းကျော်)၊ ပျောက်ဆုံးနေတဲ့ မဲလက်မှတ်က ၁၄၂၀၇၄၇ (၁၄ သိန်းကျော်)နဲ့ ပိုနေတဲ့မဲလက်မှတ်က ၄၃၅၆၆၉ (၄ သိန်းကျော်) တွေ့ရှိနေရပါတယ်။ ပျောက်နေတဲ့ မဲလက်မှတ်တွေက အခြားပါတီတွေကို

စာမျက်နှာ ၇ သို့ ○



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၃ / ၂၀၁၇ )

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်


( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (၇) ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) ဦးသန်းစိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) ဒေါ်ရှိုရှိုသန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) ဒေါ်နွဲ့နွဲ့ခင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) ဦးတင်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) ဒေါ်ဖီလိုမီနာ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) ဦးအုန်းမောင်(ခ) အုန်းမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |



(င) ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | |
|---|---|---|
| (၁) ဦးမိုးဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) ဦးအောင်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) ဒေါ်ခင်လှဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) ဒေါက်တာကြည်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) ဒေါ်စန်းစန်းမြတ် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) ဒေါက်တာရဲညွန့်နိုင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀)တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | | အဖွဲ့ဝင် |
| (၁၁)တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး | | အဖွဲ့ဝင် |







ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံများ။





ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❍ စာမျက်နှာ ၆ မှ
**မဲပေးထားတဲ့ မဲလက်မှတ်တွေဖြစ်ဖို့ သေချာသလိုပိုနေတဲ့ မဲလက်မှတ်တွေကလည်း စာရင်းမရှိ အင်းမရှိ NLD ထောက်ခံမဲတွေ ဖြစ်နေတော့တာပါပဲ။**

နောက်ထပ် အရေးအကြီးဆုံးတစ်ချက်က မဲပုံးထဲက ဆန္ဒပြုမဲလက်မှတ်အရေအတွက်သည် လက်ခံဖြတ်ပိုင်းအရေအတွက်နဲ့ ကိုက်ညီနေရပါမယ်။ စစ်ဆေးတွေ့ရှိချက်တွေအရ မြို့နယ်တိုင်း၊ မဲရုံတိုင်းမှာ ထုတ်ယူမဲလက်မှတ်၊ အသုံးပြုမဲလက်မှတ်နှင့် မြေပြင်လက်ကျန်မဲလက်မှတ်များ ကိုက်ညီမှုမရှိဘဲ စစ်ဆေးပြီးတဲ့ ၃၀၉ မြို့နယ်မှာ ထုတ်ယူမဲလက်မှတ် ၄၂၇၄၂၇၈၃ (၄၂ သန်းကျော်)၊ အသုံးပြုမဲလက်မှတ် ၂၆၉၆၁၈၀၁ (၂၆ သန်းကျော်)ဖြစ်လို့ လက်ခံဖြတ်ပိုင်းတွေအရ ကျန်ရှိရမယ့် မဲလက်မှတ်အရေအတွက်က ၁၅၇၈၀၉၈၂ (၁၅ သန်းကျော်) ကျန်ရှိရမှာဖြစ်ပေမယ့် မြေပြင်လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက်က ၁၄၇၉၅၉၀၄ (၁၄ သန်းကျော်) ဖြစ်နေပါတယ်။ **ဒါကြောင့် ထုတ်ယူတဲ့ မဲအရေအတွက်နဲ့ အသုံးပြုတဲ့ မဲအရေအတွက် ခြားနားလိုက်ရင် မြေပြင်ကျန်ရှိရမယ့် မဲအရေအတွက်များ မကိုက်ညီသလို လက်ခံဖြတ်ပိုင်းနဲ့ မဲပုံးထဲက မဲလက်မှတ်အရေအတွက်တွေ မကိုက်ညီဘဲ ပျောက်ဆုံးတာတွေ၊ အပိုဖြစ်နေတာတွေဟာ မဲမသမာမှုလုပ်ထားတဲ့ ခိုင်မာတဲ့စစ်ဆေးတွေ့ရှိချက်များ ဖြစ်ပါတယ်။** မဲရုံတွေအားလုံး စစ်ဆေးပြီးရင်တော့ တပ်မတော်က စစ်ဆေးတွေ့ရှိထားတဲ့ မဲမသမာမှု ဖြစ်နိုင်ခြေ ၁၀ ဒသမ ၄ သန်းကျော်တောင်မကဘဲ မဲလိမ်မဲခိုးထားတဲ့ စာရင်းထွက်ပေါ်လာမှာ သေချာပါတယ်။

**အခြားသောလုပ်ဆောင်ချက်များ**

အထက်မှာဖော်ပြထားသလို ရပ်/ကျေး ဥက္ကဋ္ဌတွေနဲ့ ရွေးကော်အဖွဲ့ခွဲအဖွဲ့ဝင်တွေက NLD အမာခံတွေဖြစ်နေလေတော့ ကြိုတင်မဲကောက်ယူရာမှာ နည်းလမ်းမျိုးစုံနဲ့ ညစ်ခဲ့ကြပါတော့တယ်။ ကြိုတင်မဲပေးရတဲ့ သက်ကြီးရွယ်အိုတွေအားလုံးနီးပါးသည် အမြင်အာရုံချို့တဲ့နေကြပြီဖြစ်ပါတယ်။ ဒါကိုအခွင့်ကောင်းယူပြီး NLD ကိုယ်စားလှယ်နေရာမှာ အမှန်ခြစ်ဖို့၊ တံဆိပ်တုံးထုစေဖို့ နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်တဲ့ကိစ္စတွေဖြစ်ခဲ့ကြတော့တာပေါ့။ ပါတီအလံတွေ၊ တံဆိပ်တွေနဲ့ ကြိုတင်မဲ လာကောက်ကြတဲ့နေရာတွေမှာ ပြည်သူအများစုက NLD ပါတီအတွက် မဲတွေလာကောက်တယ်လို့ပဲ ထင်မြင်ယူဆနေကြပါတော့တယ်။ **ဒီလိုဥပဒေချိုးဖောက်မှုနဲ့ ရလာတဲ့ မဲလက်မှတ်တွေအားလုံးကို ဘောင်ဝင်အောင် ဆောင်ရွက်ဖို့ UEC တံဆိပ်မပါသည့် အမှန်ခြစ်၊ ဘောပင်ဖြင့်ခြစ်ထားသည့်အမှန်ခြစ် စတဲ့မဲလက်မှတ်တွေကို ခိုင်လုံမဲတွေဖြစ်လာဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားခဲ့ပါတယ်။** အကြောင်းပြချက်ကတော့ တံဆိပ်တုံးအတုထွက်တယ်လို့ ဆိုခဲ့တာပေါ့။ COVID-19 ကြောင့် ရောက်ရာအရပ်ကနေ ကြိုတင်မဲပေးထားတဲ့သူတွေကို ရွေးကောက်ပွဲနေ့မှာ မဲထပ်ပေးလို့ရအောင်လုပ်ထားတဲ့ ညွှန်ကြားချက်မျိုးတွေလည်း ရှိပါသေးတယ်။ ဒါကြောင့် နှစ်ကြိမ်၊ သုံးကြိမ် မဲလာပေးတဲ့ကိစ္စတချို့ တွေ့ရှိနေရတာဖြစ်ပါတယ်။

မဲပေးဖို့အတွက် အချက်အလက်မခိုင်လုံဘဲ၊ မစုံလင်ဘဲ မဲပေးခွင့်ပြုခဲ့တဲ့ အထောက်အထား များစွာကိုလည်း တွေ့ရပါတယ်။ ဥပမာ လက်ဗွေ/လက်မှတ်မပါဘဲ မဲလက်မှတ်တွေ ထုတ်ပေးထားတဲ့ကိစ္စမျိုးတွေပေါ့။ အမှန်တော့ မဲလက်မှတ်အပိုတွေကို ဘောင်ဝင်အောင် အဲဒီလိုနည်းမျိုးစုံဆောင်ရွက်ခဲ့ပေမယ့် လက်တွေ့မှာ ပမာဏများပြားလှခြင်း၊ **အောက်ခြေက လက်လွန်ခြေလွန်ဆောင်ရွက်ကြတဲ့ကိစ္စတွေများလွန်းတော့ မဖုံးနိုင်မဖိနိုင်ဖြစ်ခဲ့ရတဲ့ ကိစ္စရပ်တွေပါ။ ကြို့ပင်ကောက်က NLD အမတ် နော်ပွယ်စေးရဲ့ မဲတွေမှာ ၂၀၁၅ က မဲလက်မှတ်တွေပါ ထည့်သွင်းရေတွက်ထားတဲ့ကိစ္စ၊ ရေစကြိုမှာ မဲပေးရမယ့် အမတ်စာရင်းက မကွေးက အမတ်တွေရဲ့စာရင်းနဲ့မှားနေတဲ့ ကိစ္စလိုမျိုးတွေ၊ နိုင်ငံကျော်ဟာစ်ဟော့ပ်အဆိုတော် NLD အမတ်က social media ပေါ်မှာ ဝမ်းသာအားရတင်လိုက်တဲ့ မဲရလဒ်တွေက ထုတ်ပြန်ထားတဲ့ မဲပေးပိုင်ခွင့်ရှိသူအရေအတွက်ထက်များနေလို့ ပြန်ဖျက်ရတဲ့ကိစ္စမျိုးတွေ၊ သဲကုန်းမှာ စာအုပ်နံပါတ်မတပ်ထားတဲ့ မဲစာအုပ်အသစ် ကိုးအုပ်တွေ့ရတာမျိုးတွေ ဖြစ်ခဲ့ရတာပေါ့။**

ငါန်းဇွန်၊ တောင်သာမြို့နယ်မှာ မဲလက်ခံဖြတ်ပိုင်းတွေနဲ့ မဲလက်မှတ်တွေ ပြန်မအပ်တဲ့ ကိစ္စတွေ၊ ရမည်းသင်းမှာ နောက်တိုးမဲပေးသူ ၁၁ ယောက်ကို ရပ်/ကျေး UEC က လက်ရေးနဲ့ဖြည့်ပြီး ခွင့်ပြုပေးခဲ့တာတွေ၊ သပိတ်ကျင်း၊ ညောင်ဦး၊ မတ္တရာနဲ့ မိုးကုတ်ကကျေးရွာအုပ်စုတချို့မှာ မဲလက်မှတ်လက်ခံဖြတ်ပိုင်းပြန်မအပ်တဲ့ကိစ္စရပ်တွေ စသဖြင့်ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရတာပေါ့။ ဒါတောင် မဲဆွယ်စည်းရုံးခွင့်ကာလမှာ COVID-19 အကြောင်းပြချက်မျိုးစုံနဲ့ အခြားပါတီတွေကို ပိတ်ပင်ထားပြီး NLD ပါတီအနေနဲ့ ကိုဗစ်ကြောင့်မွန်းကျပ်နေတဲ့ လူထုရဲ့ စိတ်ထွက်ပေါက်ကိုတစ်နေရာတည်းမှာ ဖွင့်ပေးပြီးတရားဝင်လို မဲဆွယ်ပွဲတွေ၊ လှည့်လည်ပွဲတွေ ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့တဲ့ကိစ္စတွေ၊ အခြားပါတီတွေရဲ့ ရုပ်သံထုတ်လွှင့်ချက်တွေကို ဆင်ဆာဖြတ်တောက်ခဲ့တဲ့အချက်တွေအပြင် NLDပါတီ နိုင်ခြေမရှိတဲ့ ရခိုင်နှင့် ရှမ်းပြည်နယ်မြို့နယ်အချို့ကို လုံခြုံရေးအကြောင်းပြချက်နှင့် ရွေးကောက်ပွဲ မလုပ်ပေးခဲ့လို့ နိုင်ငံသား ၁ ဒသမ ၂ သန်းကျော်က နိုင်ငံသားအခွင့်အရေးဆုံးရှုံးပြီး မဲပေးခွင့်မရခဲ့တာအားလုံးအသိဖြစ်ပါတယ်။

NLD ပါတီကနေ ထွက်ပေါ်လာတဲ့ အတွင်းသတင်းတွေအရ NLD အစိုးရနဲ့ NLD ပါတီအနေနဲ့ ညွန့်ပေါင်းလို အစိုးရမျိုးပေါ်လာမှာကို လက်မခံနိုင်ဘဲ တစ်ပါတီတည်း သောင်ပြိုကမ်းပြိုနိုင်ပြီး မြန်မာ့နိုင်ငံရေးကို အုပ်စီးထားချင်တာကြောင့် မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း အထက်မှာ စာရေးသူထောက်ပြထားတဲ့ ကြိုတင်ကြံစည်မှုနဲ့ မဲလိမ်မဲခိုးဖို့ ဆောင်ရွက်ခဲ့ကြတဲ့ကိစ္စတွေဟာ **မည်သည့်နိုင်ငံရေး စနစ်ကျင့်သုံးတဲ့နိုင်ငံမှာဖြစ်စေ၊ မည်သည့်ရွေးကောက်ပွဲစနစ်ကျင့်သုံးတဲ့ နိုင်ငံမှာဖြစ်စေ ဘယ်လိုမှ လက်ခံလို့မရတဲ့ ကိစ္စရပ်မျိုးတွေဖြစ်ပါတယ်။ နိုင်ငံတကာကို အသာထားလို့ ဒေသတွင်းအာဆီယံနိုင်ငံများထဲမှာတောင် ဒီလိုစည်းလွတ်ဘောင်လွတ်နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ မဲမသမာမှုမျိုးဘယ်နိုင်ငံမှာမှမရှိပါဘူး။ စာရေးသူတို့နိုင်ငံရဲ့ ရွေးကောက်ပွဲသမိုင်းမှာလည်း မရှိခဲ့ဖူးပါဘူး။**

စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖို့အတွက် ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲရလဒ်ဟာ အသက်တမျှအရေးကြီးလို့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဟာ ပါတီတစ်ခုရဲ့ နိုင်ငံရေးအာဏာရမှုကြောင့် အကျည်းတန်ခဲ့ရပြီလို့ပဲ စိတ်မကောင်းစွာနဲ့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အကြံပြုလိုတာက ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ဖြစ်ခဲ့တဲ့ ဥပဒေချိုးဖောက်မှုတွေနဲ့ မဲလိမ်မဲခိုးမှုတွေသည် အသေအချာစနစ်တကျနဲ့ တစ်ဆင့်ချင်း မှတ်တမ်းရုပ်ရှင်တွေရိုက်ပြီး ပြည်သူကို ချပြရမယ့်ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒီလိုဖော်ပြတဲ့နေရာမှာလည်း သာမန်ပြည်သူလူထုကြီး နားလည်သဘောပေါက်နိုင်တဲ့ပုံစံနဲ့ အဆင့်ဆင့် ချိတ်ဆက်သုံးသပ်တင်ပြဖို့က အင်မတန်မှအရေးကြီးလှပါတယ်။ ၎င်းအချက်အလက်များနဲ့ မှတ်တမ်းရုပ်ရှင်များသည် မြန်မာ့သမိုင်းမှာ မှတ်ကျောက်ဖြစ်လာမယ့်၊ သင်ခန်းစာယူစရာများဖြင့် ပြည့်နှက်နေမည့် အချက်အလက်အထောက်အထားများ ဖြစ်လာလိမ့်မည်ဟု တင်ပြရင်း စာရေးသူရဲ့ဆောင်းပါးကို နိဂုံးချုပ်လိုက်ရပါတယ်။ ရွှင်လန်းချမ်းမြေ့ကြပါစေ။





NLD တံဆိပ်များဖြင့် ချိပ်ပိတ်ထားသည့်မဲလက်မှတ်အိတ် မှတ်တမ်းဓာတ်ပုံ။





ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့်ပုံများ။



ကြို့ပင်ကောက်မှ NLD အမတ် နော်ပွယ်စေး၏မဲများတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ မဲလက်မှတ်များထည့်သွင်းရေတွက်ထားမှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီး ဦးမင်းထိန် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းလုပ်ငန်းများနှင့် ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လေးအိမ်စု - မယင်း - ရွာဟောင်းလမ်း ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးတိုးနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းသက်နိုင်မိုးတို့က လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖရုံလမ်းခွဲ - အဇန်းတောစွန်း - ပင်လယ်ချောင်ကျေးရွာချင်း ချိတ်ဆက်ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပန်းတော - ကမာကလုတ် - ခနောင် - ကဒပွနလမ်းနှင့် သုံးခွ - တံတား- ကျောက်တန်းလမ်းပိုင်းအား ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထင်ကျော်က ကျောက်တန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအိမ်ရာစီမံကိန်းသို့ရောက်ရှိရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး တန်ဖိုးနည်းအိမ်ရာစီမံကိန်းရှိ တိုက်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ညောင်လေးပင်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်လေးပင် ဇွန် ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၈ နာရီက ညောင်လေးပင်မြို့ အထက(၂)ကျောင်းနှင့် ပန်းတင်ကျေးရွာ အထက(ခွဲ)ကျောင်းတို့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲ၌ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ၊ မန်ကျွန်ရှား၊ ယူကလစ် ပျိုးပင် စုစုပေါင်း ၈၀၀ ကျော်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသူရအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအသင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက စိုက်ပျိုးပေးခဲ့ကြပြီး မြို့နယ်သစ်တောဦးစီးဌာနက ပြည်သူလူထုထံ ဖြန့်ဝေပေးနိုင်ရန် ပျိုးပင်ပေါင်း ၁၂၀၀၀ ကို မြို့မပျိုးဥယျာဉ်၌ စိုက်ပျိုးပြုစုထားရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# သောက်သုံးရေရှားပါးသည့် ကကျဲအုပ်စု အောက်ယာတောတဲတိုက်သို့ အိမ်အရောက် ရေလှူဒါန်း

**ညောင်ဦး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သောက်သုံးရေရှားပါးသည့် တောင်ဇင်းတိုက်နယ် ကကျဲအုပ်စု အောက်ယာတောတဲတိုက်သို့ ယနေ့နံနက် ၉ နာရီခွဲက သောက်သုံးရေအိမ်အရောက်သွားရောက် လှူဒါန်းခဲ့ကြောင်း အေးမေတ္တာ ရေအလှူတော် အသင်းထံမှ သိရသည်။

**အခက်အခဲ ကြုံတွေ့နေ**

အဆိုပါ ကကျဲအုပ်စု အောက်ယာတောတဲတိုက်သည် ညောင်ဦးမြို့မှ ၁၈ မိုင်ခန့် ကွာဝေးပြီး သောက်သုံးရေ အခက်အခဲ နှစ်စဉ် ဖြစ်ပေါ်လျက်ရှိသည်။ လှူဒါန်းသည့် သောက်သုံးရေနှင့် မိုးကျသည့်အခါ မိုးရေလှောင်ကန်များမှရေကို အဓိကမှီခိုအားထားနေရသည်။ မိုးကောင်းသည့်နှစ်များတွင် မြေသားရေလှောင်ကန်များအတွင်း ရေဝင်ရောက်မှသာ ရေအတွက် အဆင်ပြေကြောင်း၊ နှစ်နှစ်ဆက်တိုက် မိုးခေါင်ခြင်းကြောင့် မြေသားရေလှောင်ကန်များ မိုးရေဝင်ရောက်မှု မရှိတော့ဘဲ သောက်သုံးရေအတွက် ရေလှူအသင်းများမှရေကိုသာ အဓိကအားထား သုံးစွဲနေရကြောင်း အောက်ယာတောတဲတိုက်ရှိ ထန်းတောင်သူတစ်ဦးက ပြောသည်။



**လှူဒါန်းနိုင်**

အောက်ယာတောတဲတိုက်တွင် ထန်းတောင်သူအများစု နေထိုင်ကြသည်။ အိမ်ခြေ ၂၇ အိမ်နှင့် လူဦးရေ ၇၀ ကျော်နေထိုင်သည့် တဲတိုက်ဖြစ်ပြီး စက်ရေတွင်း မရှိသေးကြောင်း၊ စက်ရေတွင်း လှူဒါန်းလိုပါကလည်း အေးမေတ္တာ ရေအလှူတော် အသင်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုထိန်၊ KPD

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ဒုတိယ ပါဂျောင် မဖြစ်စေလိုပြီ

ထွန်းထွန်း(ခရေရိပ်)

ပြီးခဲ့တဲ့တစ်ပတ်က လူမှုကွန်ရက်စာမျက်နှာမှာ တောခိုသွားတဲ့ အနုပညာရှင်တစ်ဦးက တောတွင်းစခန်း (သူတို့အခေါ်တော့ တော်လှန်ရေးနယ်မြေ)တစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ လုံခြုံစွာရှိနေတယ်ဆိုတဲ့အကြောင်းကို တင်လာတာတွေ့ရပါတယ်။ စခန်းမှာ အားလုံးဟာ ဖြူစင်တဲ့မေတ္တာနဲ့သာ ဆက်ဆံကြပြီး ထိကပါး ရိကပါး ပြောဆိုတာတောင် မရှိဘူးလို့လည်း ရေးသားထားတဲ့အတွက် တောခိုသွားတဲ့ သားငယ်၊ သမီးငယ်၊ ညီ၊ ညီမ အရွယ်လေးတွေအတွက် စိတ်ပူပန်မှု အနည်းငယ်တော့ လျော့ပါးရပါတယ်။ ဒါပေမဲ့ အခြား သတင်းတွေအရတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီ တောခိုသွားတဲ့သူတွေကို နေရာလုံခြုံရေးအတွက် တင်းကျပ်တာတွေ၊ စားရေးသောက်ရေး ခက်ခဲတာတွေ၊ စိတ်ကူးယဉ်ပြီး တောခိုသူတွေ ထင်ထားသလို၊ ရုပ်ရှင်ထဲကလို၊ စာအုပ်ထဲကလို ဖြစ်မလာတဲ့အတွက် ဒုက္ခရောက်ရတာတွေစတဲ့ သတင်းအချို့လည်း ခိုင်လုံစွာ ကြားသိရတာတွေ ရှိပါတယ်။

သူတို့တွေကို အကြောင်းမဲ့ စိတ်ပူပန်နေခြင်းတော့ မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှုတွေ အရေးနိမ့်ပြီးနောက်ပိုင်းမှာ ထောင်ပေါင်းများစွာသော ကျောင်းသားတွေ၊ လူငယ်တွေဟာ ဆူပူဆန္ဒပြမှုတွေကြောင့် ဖမ်းဆီးခံရမှာကို ကြောက်ရွံ့တာ၊ နိုင်ငံရေးသမားတွေရဲ့ တောထုတ်ခြောက်လှန့်ပြောစကားတွေကို နားယောင်တာနဲ့ နိုင်ငံရေးအတွက် မျှော်လင့်ချက်၊ ယုံကြည်ချက်တွေကြောင့် တောခိုခဲ့ကြပါတယ်။

## ရည်မှန်းချက်တူရာ လူငယ်တွေ

မတရားမှု၊ အနိုင်အထက်ပြုကျင့်မှု၊ အဂတိလိုက်စားမှုတွေကို တိုက်ဖျက်ဖို့ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် တည်ထောင်နိုင်ဖို့စတဲ့ ယုံကြည်ချက်တွေ၊ စိတ်ကူးယဉ်အိပ်မက်တွေ တစ်ပုံတစ်ပင်၊ ဦးတည်ချက်၊ ရည်မှန်းချက်တွေနဲ့ မြို့ပြဘဝတွေကို စွန့်လွှတ်၊ မိဘဆွေမျိုး မိသားစုတွေကို စွန့်ခွာပြီး ရည်မှန်းချက်တူရာ လူငယ်တွေစုစည်းလို့ တော်လှန်ရေးလုပ်မယ်ဆိုပြီး တောခိုသွားကြတာ ဖြစ်ပါတယ်။

အဲဒီလို တောခိုကြရာမှာ ရန်ကုန်၊ မန္တလေးနဲ့ ကချင်ပြည်နယ်က ကျောင်းသားအများစုကတော့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်စွန်း ဝေးလံသီခေါင်တဲ့ ကချင်ပြည်နယ်နဲ့ တရုတ်ပြည်နယ်စပ် ပန်းဝါ တောင်ကြား၊ ကန်ပိုက်တီးတောင်ကြား၊ ဆဒုံး၊ ဆမား အစရှိတဲ့ နယ်မြေတွေရဲ့ တောင်ဘက်၊ မြန်မာနိုင်ငံဘက်ကသွားရင် ဘိုရွန်းလို့ခေါ်တဲ့ တောင်ထွတ်ကြီးနဲ့ သွားလာရခက်ခဲတဲ့ ပါဂျောင်လို့ခေါ်တဲ့ ဒေသမှာရှိတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) စခန်းကို ရောက်ရှိသွားခဲ့ကြပါတယ်။ တချို့ကတော့ ထိုင်းနယ်စပ်၊ တချို့က အိန္ဒိယနိုင်ငံ နယ်စပ်ရောက်သွားတာတွေလည်း ရှိပါတယ်။

ကချင်ပြည်နယ်မှာရှိတဲ့ ပါဂျောင်စခန်းမှာ လူမဆန်တဲ့ ငရဲခန်း တမျှ ကြောက်မက်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ကျောင်းသားလူငယ်အချင်းချင်း ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့တဲ့ ဖြစ်ရပ်တွေ အကြောင်း ရေးဖွဲ့ထားတဲ့ စာအုပ်စာစောင်တွေကို ဖတ်မှတ်ဖူးတဲ့အတွက် စိုးရိမ်ရခြင်း ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားပြီးနောက်မှာ ကျောင်းသားလူငယ်အချို့ဟာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ ရည်ရွယ်ချက်တွေနဲ့ အချို့ကတော့ ဖမ်းဆီးခံရမှာကြောက်တဲ့အတွက် ထွက်ပြေးတိမ်းရှောင်ကြရင်း နီးစပ်ရာ KIA စခန်းတွေကို ရောက်ရှိသွားကြပါတယ်။ နောက်ပိုင်းမှာ KIA နယ်မြေကို တောခိုတဲ့သူ များပြားလာတဲ့အတွက် ABSDF တို့၊ အခြားအဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့ ကချင်ပြည်နယ် ABSDF ဆိုပြီး သီးသန့်အဖွဲ့တစ်ဖွဲ့ အဖြစ် ထားပေးခဲ့ပါတယ်။

အဲဒီအဖွဲ့က ABSDF ဗဟိုနဲ့ ဆက်သွယ်ပြီး မြန်မာတစ်နိုင်ငံလုံးက ကျောင်းသားအခြေခံအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်၊ UG တွေနဲ့ ဆက်သွယ်၊ အချိန်ကြာတာနဲ့အမျှ မြို့ပေါ်က ကျောင်းသားတွေ၊ မြို့အစုံ နယ်အစုံက တဖွဲဖွဲနဲ့ ရောက်လာကြတယ်။ အဲဒီတော့ ABSDF (KS) ဆိုတဲ့ ကချင်ပြည်နယ်တစ်ခုတည်း ကိုယ်စားပြုတာ မဖြစ်သင့်ဘူး။ မြောက်ပိုင်းဆိုတဲ့ နာမည်နဲ့ ABSDF (NB) ပြန်ဖွဲ့မယ်ဆိုပြီး ဖွဲ့စည်းပုံပြန်ဆွဲ၊ ရွေးချယ်ပွဲတွေလုပ်တော့လည်း အရည်အချင်းရှိတဲ့ နိုင်ငံရေးစကားပြောတတ်တဲ့ မြေပေါ်အတွေ့အကြုံရှိတဲ့ မြို့ပေါ်က လူတွေကပဲ ကော်မတီဝင်တွေအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။

တောထဲကို အရင်ရောက်၊ အရင်သေနတ်ကိုင်ပြီး အရင် ခေါင်းဆောင်လုပ်တဲ့သူတွေထဲကတော့ တချို့က ကော်မတီမှာ ရွေးချယ်ခံရပါတယ်။ သူတို့ကိုလည်း ပစ်ပယ်လို့မရတော့ စစ်ရေး ကော်မတီမှာ နေရာပေးထားပါတယ်။ စစ်ရေးကော်မတီက ဗဟို ကော်မတီရဲ့ လက်အောက်မှာဆိုတော့ အရင်ရောက်ခဲ့တဲ့သူတွေက လက်အောက်ခံ ဖြစ်နေရတာကို မကျေနပ်ကြတော့ဘူး။ အရင်တုန်းက လို သူတို့ချည်း ခေါင်းဆောင်လုပ်မရတော့တဲ့အတွက် စစ်ရေး ခေါင်းဆောင်တွေက နောက်တက်လာတဲ့ ကော်မတီဝင်တွေကို အစိုးရရဲ့ထောက်လှမ်းရေးလို့ အညှိုးအတေးကြီးစွာနဲ့ အမှုဆင်ပြီး အာဏာလု၊ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ကြပါတယ်။

အဲဒီမှာ ကျောင်းသားအချင်းချင်း ပြဿနာတွေတက်ကြပါတယ်။ အစိုးရက လက်မခံဘဲ သတ်ပစ်နေတယ်လို့ မဟုတ်မမှန်သတင်းလွှင့်ထားတဲ့အတွက် ထွက်ပြေးပြီး အိမ်ပြန်သွားရင်လည်း သေရမယ့် အတူတူဆိုပြီး မကြိုးစားကြတော့ဘဲ သေရမယ့်နေ့ကို စောင့်နေကြပါတော့တယ်။

အဲဒီဒေသမှာ တော်လှန်ရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ မူဝါဒက တော်လှန်ရေးလုပ်တယ်ဆိုတာ လူသတ်တာ။ ကျွဲတို့၊ ဝက်တို့ သတ်မိရင် ပြန်ပြီး အလျော်ပေးရတယ်။ လူသတ်မိရင် နောက်ထပ် ထပ်သတ် ရုံပဲဆိုတဲ့ စကားဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ အသက်ကို ကြက်လေး၊ ငှက်လေးသတ်သလို လွယ်လွယ်ကူကူ သတ်ဖြတ်နေတဲ့ အမြော်အမြင်နည်းတဲ့လူတွေရဲ့ ဦးဆောင်မှုမှာ မြန်မာလူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝတွေ၊ ယုံကြည်ချက်တွေဟာ ပျောက်ဆုံးခဲ့ကြရပါတယ်။

**ဒီလိုတရားဥပဒေစိုးမိုးမှုမရှိတဲ့ အရပ်ဒေသတွေမှာ ကျောင်းသူလေးတွေဆိုရင် လိင်အကြမ်းဖက်ခံရ၊ အနိုင်ကျင့်ခံရ၊ ညှဉ်းပန်းနှိပ်စက်ခံရပြီး ဘဝတွေပျက်ကြရပါတယ်။ ရင်နာစရာ၊ ရင်နင့်စရာအဖြစ်အပျက်**

**နုနယ်ပြီး အသိမကြွယ်သေးတဲ့အရွယ် လူငယ်လေးတွေကို နိုင်ငံရေးမှိုင်းလုံးတွေကြောင့် ဘဝတွေပျက်စီးနစ်မွန်းသွားမှာကို မလိုလားပါ။ တော်လှန်ရေးနယ်မြေဆိုပြီး မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ၊ အသက်တွေ၊ အရှက်တွေ အကျိုးမရှိ စတေးခဲ့ရတဲ့ ဒုတိယပါဂျောင်လိုတော့ မဖြစ်စေလိုတော့ပြီ။ ကျောင်းသားကျောင်းသူ လူငယ်တွေကို ဒီလိုအဖြစ်ဆိုးမျိုးတွေ မကြုံစေချင်ပြီမို့ အချိန်မီ အမှားကို သိမြင် အမှန်ပြင်ပြီး အိမ်ပြန်ကြပါလို့ တိုက်တွန်းလို။**

လူ ၃၀၀ လောက်ရှိတဲ့ စခန်းတစ်ခုမှာ လူတစ်ရာကျော်ကို စပိုင်၊ တပ်မတော်ထောက်လှမ်းရေးစသဖြင့် စွပ်စွဲပြီး ဖမ်းဆီးနှိပ်စက်ကြပါတယ်။ ဝန်မခံမချင်း လူမဆန်တဲ့ နှိပ်စက်မှုနဲ့ နှိပ်စက်ကြ၊ သတ်ဖြတ်ကြပါတယ်။

## သမိုင်းဝင်နေ့တစ်နေ့

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပြီး ပွဲတော်ကြီးတစ်ခုကို ကျင်းပဖို့ ပြင်ဆင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီမှာ အစာအဆိပ်ခတ်ဖို့ အစိုးရသူလျှိုတွေက လုပ်ဖို့ ကြံစည်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ယုံကြည်ချက်နဲ့ တောခိုလာတဲ့ ကျောင်းသားတွေထဲက အတူနေ၊ အတူစား လုပ်ဖော်ကိုင်ဖက်ဟောင်း ၁၅ ယောက်ကို တပ်မတော်ရဲ့ ထောက်လှမ်းရေးတွေဆိုပြီး သွေးအေးအေးနဲ့ ဓားနဲ့ ခုတ်သတ်ခဲ့ကြပါတယ်။ နေထူးနေ့မြတ်ဟာ စက်ဆုပ်ဖွယ် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်သွားခဲ့ပါတယ်။

ကျောင်းသားခေါင်းဆောင် ထွန်းအောင်ကျော်၊ ချိုကြီးတို့အပါအဝင် တစ်နေ့တည်းမှာ ၁၅ ယောက်ကို အဆိပ်လက်နက်နဲ့ လုပ်ကြံသတ်ဖြတ်ဖို့ ဝင်လာကြတယ်ဆိုတဲ့ စွဲချက်နဲ့ အပြစ်မရှိဘဲ သေဒဏ်ချမှတ်ကွပ်မျက်လိုက်တာဖြစ်ပါတယ်။ မသတ်ရသေးဘဲ ကျန်နေတဲ့လူတွေကိုတော့ အကျဉ်းသားတွေအဖြစ် ခြေထောက်နဲ့လက်တွေမှာ သံကြိုးတွေခတ်ထားကြပြီး စခန်းမှာ အမှိုက်ရှင်း၊ မြက်ပေါက်၊ လမ်းပြင်၊ ကတုတ်ကျင်းပြင်၊ ထင်းထမ်းလုပ်ကြရပါတယ်။ အာဟာရပြတ်လို့ ဖောရောင်နေပြီး အင်အားမရှိ၊ ကျန်းမာရေးမကောင်းပေမယ့် မနားရဲကြဘူး။ နားလိုက်ရင် မြေကျင်းထောင်ထဲမှာ ရာသီဥတု အေးအေးနဲ့ လှုပ်မရတဲ့၊ ထုံတဲ့ရောဂါ ဖြစ်တတ်ကြလို့ ဆိုပါတယ်။

အဲဒီလို လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေတဲ့ စခန်းကနေ ထွက်ပြေးဖို့ အခွင့်အလမ်းရှိပါတယ်။ ဒါပေမဲ့ လူငယ်တွေဟာ မျှော်လင့်ချက်မဲ့နေပြီး ထွက်ပြေးဖို့ မကြိုးစားကြတော့ပါဘူး။ အကြောင်းကတော့ ထွက်ပြေးလာတဲ့၊ အလင်းဝင်လာတဲ့ ကျောင်းသားတွေကို တပ်မတော်တွေနဲ့ ကြုံကြရပြီး သတ်ဖြတ်ခံရတာရှိသလို အရှက်ကို အသက်နဲ့လဲသွားခဲ့ကြတာတွေလည်း ရှိပါတယ်။ အချို့ဆိုရင် မိဘဆွေမျိုးတွေ မျက်နှာမပြရဲတဲ့ ဘဝတွေနဲ့ နောက်ဆုံးမှာ ဇာတ်သိမ်းမလှဖြစ်ခဲ့ရတာတွေက ပုံပြင်မဟုတ် တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်၊ အမှန်တရားတွေပဲ ဖြစ်ပါတယ်။

## သမိုင်းမှာ သက်သေရှိခဲ့

ဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေက သမိုင်းမှာ သက်သေရှိခဲ့တော့ တစ်ချိန်မှာ အနာဂတ်ရဲ့ခေါင်းဆောင်ဖြစ်လာကြမယ့် လူငယ်လေးတွေအတွက် ရတက်မအေးခဲ့တာ အမှန်ပါ။ ဖက်ဒရယ်၊ လစ်ဘရယ်စတဲ့ လေထဲမှာ တိုက်အိမ်ဆောက်ပြီး အိပ်မက်အလွဲတွေနဲ့ တစ်ခုပြီးတစ်ခု မှိုင်းတိုက်နေတဲ့ အလိမ်အညာစကားတွေကြောင့် လူငယ်လေးတွေ အသိမဲ့စွာ လိုက်ပါနေကြတာကိုလည်း မျက်မှောက်ကာလမှာ စိုးရိမ်ဖွယ်တွေ့မြင်နေရပါတယ်။

သမိုင်းထဲက အချို့အဖြစ်အပျက်တွေကို သင်ခန်းစာအဖြစ်ရယူပြီး ဒီအမှားမျိုး နောက်တစ်ကြိမ်မမှားရအောင် ကျင့်ကြံနေထိုင်တတ်ဖို့ လိုပါတယ်။ သမိုင်းကို နားမလည်ရင် အမှားဖြစ်ပြီး အ, ရင်တော့ ခံရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် **နုနယ်ပြီး အသိမကြွယ်သေးတဲ့အရွယ် လူငယ်လေးတွေကို နိုင်ငံရေးမှိုင်းလုံးတွေကြောင့် ဘဝတွေပျက်စီးနစ်မွန်းသွားမှာကို မလိုလားပါ။ တော်လှန်ရေးနယ်မြေဆိုပြီး မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေ၊ အသက်တွေ၊ အရှက်တွေ အကျိုးမရှိ စတေးခဲ့ရတဲ့ ဒုတိယ ပါဂျောင်လိုတော့ မဖြစ်စေလိုတော့ပြီ။ ကျောင်းသား ကျောင်းသူ လူငယ်တွေကို ဒီလိုအဖြစ်ဆိုးမျိုးတွေ မကြုံစေချင်ပြီမို့ အချိန်မီ အမှားကိုသိမြင် အမှန်ပြင်ပြီး အိမ်ပြန်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ။**

**ကိုးကား– ကျွန်တော်သိသော ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**မုံရွာ ဇွန် ၂၀**

၂၀၂၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၁၉ ရက် ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင်ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များက ဗိုလ်လုပွဲစဉ်အဖြစ် ရွှေဘိုခရိုင် အမျိုးသမီးဘောလုံးအသင်းနှင့် ကသာခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ရွှေဘိုခရိုင် ဘောလုံးအသင်းက ကသာခရိုင် ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့် ကောင်စီအဖွဲ့ဝင် ဒေါ်ရီရီသန်းတို့က ပူးတွဲတတိယဆုရရှိသော ကန့်ဘလူခရိုင်ဘောလုံးအသင်းနှင့် ယင်းမာပင်ခရိုင်ဘောလုံးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၃၀၀၀၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးတင်သန်းဝင်းက ဒုတိယဆုရရှိသော ကသာခရိုင်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ် ၅၀၀၀၀၀ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပထမဆုရရှိသော ရွှေဘိုခရိုင်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ် ၇၀၀၀၀၀၊ တံခွန်စိုက်ဆုဖလားတို့အား တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ကရင်ပြည်နယ် ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၂၀**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် လက်ရွေးစင်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ဘားအံမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောင်နိုင်ရေးအလံကို ပေးအပ်ခဲ့ပြီး ကရင်ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်နှင့် ကော်မတီဝင်များက အောင်နိုင်ရေးထောက်ပံ့ငွေနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် Volunteers စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆက်လက်ထိုးနှံပေးနေမှုအခြေအနေများ၊ ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးစစ်ဆေးပေးမှုအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံပြီးခေတ္တ (နာရီဝက်ခန့်) အနားယူစောင့်ဆိုင်းစေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ဂရုဏာလက်လှုငယ်ပြုစုပျိုးထောင်ရေးသင်တန်းကျောင်း ခန်းမဆောင်နှင့် ကျောင်းဆောင်သစ်အပ်နှင်း

**မြစ်ကြီးနား ဇွန် ၂၀**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် မြစ်ကြီးနားမြို့ နန်ကျင်ကျေးရွာရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ဂရုဏာလက်လှုငယ်ပြုစုပျိုးထောင်ရေးသင်တန်းကျောင်းအတွင်း ရီဖောင်ဒေးရှင်းမှဆောက်လုပ်လှူဒါန်းသည့် ခန်းမဆောင်နှင့် ကျောင်းဆောင်သစ်အပ်နှင်းခြင်း ကျေးဇူးတော်ချီးမွမ်းဆုတောင်းပွဲသို့ ဇွန် ၁၉ ရက် နံနက်၁၀နာရီတွင်တက်ရောက်အားပေးခဲ့သည်။

သိက္ခာတော်ရဆရာတော်များက ဆုတောင်းဆက်ကပ်ပေးကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုလို မိမိတို့ပြည်နယ်အတွင်းမှ လူငယ်လူရွယ်များအား မူးယစ်ဆေးဝါး၏ ကျေးကျွန်အဖြစ်မှ ပြန်လည်ထူထောင်ကယ်တင်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ်အတွက် အကျိုးပြုနိုင်သည့် လူသားအရင်းအမြစ်များ ပြန်လည်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေကြသည့် ဂရုဏာလက် လှုငယ်ပြုစုပျိုးထောင်ရေးအသင်းအဖွဲ့အပြင် ကျန်ရှိသည့်အလားတူ အဖွဲ့အစည်းများအားလုံးကိုလည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းကူညီလက်တွဲအားပေးဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းအားပေး မှာကြားသည်။

ယင်းနောက် ဂရုဏာလက်လှုငယ်ပြုစုပျိုးထောင်ရေးအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးတန်ရော်က အသင်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းကျောင်းအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခန်းမဆောင်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပေးသည့် အလှူရှင် ရီဖောင်ဒေးရှင်းတည်ထောင်သူ ဦးအောင်မြင့်၊ ဦးခက်ထိန်နန်၊ ဦးကျော်မိုးနိုင်၊ ဦးတာဂျန်၊ ဦးညီညီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းကျောင်းဝင်းအတွင်း ပံ့ပိုးကူညီပြင်ဆင်ဆောင်ရွက်ပေးခဲ့သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး မူးယစ်ဆေးဖြတ်လူငယ်များက ဂုဏ်တော်ချီးမွမ်းခြင်း၊ သိက္ခာတော်ရဆရာတော်များနှင့် ဘုန်းတော်ကြီးတို့က ဆုတောင်းဆက်ကပ်ပေးခြင်း၊ သင်တန်းသားတစ်ဦးက မူးယစ်သုံးစွဲခဲ့မှုအတွက် နောင်တရသက်သေခံခြင်း၊ ဆုတောင်းဆက်ကပ်ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေး

**တောင်ကြီး ဇွန် ၂၀**

ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ လွယ်ကူချောမွေ့စေရေး စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍများသည် မိမိတို့ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွင် အဓိကကျသည့် ကဏ္ဍနှစ်ခုဖြစ်ကြောင်း၊ ယနေ့စကားဝိုင်းတွင် စိုက်ပျိုးရေးကဏ္ဍ၌ တွေ့ကြုံနေရသည့် အဟန့်အတား အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖော်ထုတ်သွားကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် သွင်းအားစုလုပ်ငန်းရှင်များမှအစ ဘဏ်လုပ်ငန်းရှင်များအထိ ဖိတ်ခေါ်ထားသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် အပြန်အလှန် အကျေအလည် ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေအား ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးက စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ပို့ချ

**ကော့သောင်း ဇွန် ၂၀**

ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (Basic On-Job Skill Traning For Fisherman)ကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်တွင်တွေ့ကြုံရသည့် အခက်အခဲများဖြေရှင်းနိုင်ရန်၊ ရေလုပ်သားများနှင့်ပတ်သက်သည့် ဥပဒေ၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာ၊ ပင်လယ်ပြင်၌ တွေ့ကြုံရမည့် မိုးလေဝသဆိုင်ရာ သဘာဝဘေးနှင့်ပတ်သက်၍ ဖြေရှင်းရမည့်နည်းလမ်းများနှင့် လုပ်ငန်းခွင်အရည်အသွေးတိုးတက်လာစေရေးရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသန့်ဇင်က ပြောကြားသည်။

သင်တန်းတွင် ကော့သောင်းခရိုင်အတွင်းရှိ ပင်လယ်ငါးဖမ်းရေယာဉ်ရေလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ မျိုးသုဉ်းရှားပါးရေနေနို့တိုက်သတ္တဝါ ထိန်းသိမ်းရေးဆောင်ရွက်မှုများ၊ တာဝန်သိစိတ်ဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာများ၊ ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားနှစ်ဦး သဘောတူအလုပ်ခန့်ထားခြင်းဆိုင်ရာ သိကောင်းစရာများ၊ ရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးကိရိယာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်းအကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှေးဦးပြုစုခြင်းနှင့် ရေကြောင်းဆိုင်ရာသိကောင်းစရာများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းဦးစီးဌာနတို့မှ သင်တန်းဆရာများဖြင့် ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံးလမ်းစဉ်ဖြစ်သည်

မြင်းခြံကျော်အောင်

ရိုးသားဖြောင့်မတ်ခြင်းသည် ကြီးပွားတိုးတက်လိုသူတိုင်း ကျင့်သုံးအပ်သည့် အကောင်းဆုံးလမ်းစဉ်ပင် ဖြစ်ပေသည်။ ကမ္ဘာ့နိုင်ငံတချို့မှ နိုင်ငံ့ခေါင်းဆောင်များ မရိုးသားမဖြောင့်မတ်သောအခါ ထိုပုဂ္ဂိုလ်လည်း အတိဒုက္ခရောက်ရသကဲ့သို့ တိုင်းနိုင်ငံလည်း ကြီးမားစွာဆုံးရှုံးရသည်ကို လေ့လာတွေ့ရှိရသည်။ ထို့အတူ ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီဒါရိုက်တာတစ်ဦး မရိုးမသားလုပ်သောအခါ ထိုကုမ္ပဏီလည်း ရေရှည်မရပ်တည်နိုင် ပျက်စီးရသည်။ ထိုကုမ္ပဏီတွင် ရှယ်ယာဝယ်ယူထားသူများလည်း နစ်နာရတော့သည်လည်း တွေ့ကြုံရသည်။ ထိုနည်းတူစွာပင် လူတစ်ယောက် မရိုးဖြောင့်သောအခါ "ဒီလူကလူလိမ်ပဲ"ဟု ကင်ပွန်းတပ်ခံရသည်။ သူ့ကို ဖဲကြဉ်ကြသည်။ သူ့ကိုယ်သူလည်း အရှက်ရကာ အဖွဲ့မှနုတ်ထွက်သွားပေတော့သည်။ သို့ဖြင့် ကိုယ့်ဂုဏ်သိက္ခာကိုယ်ဖျက်၊ ကိုယ့်ဒုက္ခကိုယ်တိုင်ရှာသူ ဖြစ်သွားရပေတော့သည်။

ရိုးသားဖြောင့်မတ်သောနိုင်ငံ့ခေါင်းဆောင် ဦးစီးဦးဆောင်သောအခါ ထိုပုဂ္ဂိုလ်နှင့် သူဦးဆောင်သောနိုင်ငံ၏ သမိုင်းကြောင်းသည် ကောင်းရသည်။ နောင်လာနောက်သားများ စံထားကြရသည်။ သာဓကအနေဖြင့် အမေရိကန်၏ပထမသမ္မတ ဂျော့ချ်ဝါရှင်တန်၊ ဗီယက်နမ်နိုင်ငံခေါင်းဆောင် ဟိုချီမင်းနှင့် မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်း တို့ကို သူတို့၏နိုင်ငံနှင့်လူမျိုးများကသာမဟုတ် ကမ္ဘာ့လူထုကပါ ခေါင်းဆောင်ကောင်းအဖြစ် အသိအမှတ်ပြုကြသည်။ ရိုးသားဖြောင့်မတ်သူအဖြစ် အမွှမ်းတင်ဂုဏ်ပြုကြသည်။

အဖွဲ့အစည်း ခေါင်းဆောင်ရိုးသားလျှင် ထိုအဖွဲ့အစည်းသည် နှစ်ရာချီပြီးတည်မြဲရသည်။ လူပုဂ္ဂိုလ်ဆိုလျှင်လည်း လူကောင်းသူကောင်း ထူးခြားသူအဖြစ် အသိအမှတ်ပြုကြသည်။ ဂုဏ်ပြုကြသည်။ လေးစားကြသည်။ သူတို့လုပ်သမျှလည်း အောင်မြင်ရသည်။ သာဓကအနေဖြင့် မာသာထရီဇာ၊ ရသေ့ကြီးဦးခန္တီနှင့် ဘိုးဘွားရိပ်သာများ၏မိခင်ကြီး ဒေါ်ဦးဇွန်းတို့ကို လေ့လာတွေ့ရှိရသည်။ ထိုပုဂ္ဂိုလ်နှင့်သူတို့၏နိုင်ငံများလည်း ဂုဏ်တက်ရပေတော့သည်။

ဤမျှ ရိုးသားဖြောင့်မတ်ခြင်းနှင့် လိမ်ညာကောက်ကျစ်ခြင်းက ကွာခြားသွားသည်။

**ရိုးသားဖြောင့်မတ်ခြင်းဟူသည်**

အနက်အဓိပ္ပာယ်မှာ ကျယ်ဝန်းလှပေသည်။ ရိုးသားဖြောင့်မတ်သောစိတ်သည် ဖြူစင်သော၊ သန့်ရှင်းသော၊ ရိုးဖြောင့်စင်းသောစိတ်ပင် ဖြစ်ပေသည်။ အများကောင်းကျိုးလိုလားသော၊ မေတ္တာ၊ စေတနာ၊ ကရုဏာတရားပြည့်ဝသော စိတ်ပင်ဖြစ်ပေသည်။ ဤစိတ်တွင် အောက်ပါစိတ်ညစ်စိတ်ယုတ်များ ကင်းစင်သည်။ (အဖန်တစ်ရာ လှော်ထားသော ရွှေစင်ရွှေသားကဲ့သို့ တန်ဖိုးအနန္တ ထိုက်တန်သောစိတ်ဖြစ်သည်။)

- အမျက်ဒေါသစိတ်၊
- သူတစ်ပါးကျေးဇူးကို မသိတတ်သောစိတ်၊
- သူတစ်ပါးကို လှည့်ပတ်ဖြားယောင်းစိတ်၊
- စဉ်းလဲကောက်ကျစ်စိတ်၊
- လိမ်ညာစိတ်၊
- သူတစ်ပါးပစ္စည်း မတရားလိုချင်စိတ်၊
- မှားယွင်းသောအယူဝါဒကိုလက်ခံကျင့်သုံးစိတ်၊

ထို့ပြင် မရိုးသား မဖြောင့်မတ်သောစိတ်သည် ကံငါးပါးကို မစောင့်ထိန်းသူတို့တွင်လည်း တွေ့ရပေသည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်သောကျင့်စဉ်ကို ပြုကျင့်မည်ဆိုပါလျှင် ကံငါးပါးကိုလည်း လုံခြုံအောင် ထိန်းသိမ်းရပါမည်။

တိုင်းပြည်ကြွယ်ဝချမ်းသာစေရန် အစိုးရများက ရိုးသားဖြောင့်မတ်ရမည်ဖြစ်သကဲ့သို့ တစ်ဦးချင်း ကြွယ်ဝစေရန်မှာလည်း ရိုးသားဖြောင့်မတ်မှုကိုပင် အရင်းခံကြရပါမည်။

ယနေ့ကမ္ဘာတွင် ရိုးသားဖြူစင်သောအစိုးရများနှင့်ပြည်သူများ ကြီးပွားချမ်းသာနေကြသည်။ နေချင့်စဖွယ်နိုင်ငံများ ဖြစ်နေကြပါပြီ။ ကျွန်တော်တို့အတုယူကြရပါမည်။

**မရိုးသားမဖြောင့်မတ်မှု**

**"တစ်ကြိမ်ခိုးသူသည် သူခိုးအမြဲဖြစ်သွားသည်"**ဟု ဒတ်ချ်စကားပုံကဆိုသည်။ ထို့ကြောင့် ခိုးမှုဖြင့် ထောင်ကျ၊ ထောင်ကထွက်လာပြီး ပြန်ခိုး၊ ပြန်ထောင်ကျ ဖြစ်စဉ်များရှိခဲ့သည်။ ထောင်ကျသည့် အဆင့်မရောက်ဘဲ ခိုးမှုများ ကျူးလွန်နေသည်ကိုလည်း တွေ့ရသည်။ အမြတ်ကြီးစားမှုသည် ခိုးမှုပင်။ တစ်ကြိမ်လိမ်လည်ပြောလျှင် နောက်ထပ်လည်း လိမ်လည်ပြောမည်ပင်။

မရိုးသားမဖြောင့်မတ်မှုသည် မျိုးရိုးလိုက်တတ်သည်။ ဤသည်ကို ဟိဘရူးစကားပုံက ဤသို့ဆိုထားသည်။ **"ခွေးဆိုးတစ်ကောင်မှ ပေါက်ဖွားလာမည့် ခွေးလိမ္မာပေါက်စလေးတစ်ကောင်ကို ကျွန်ုပ်တို့ မမျှော်မှန်းနိုင်"**။ မြန်မာဆိုရိုးစကားတစ်ခုကလည်း ဤသဘောအတိုင်းဆိုထားသည်။ **"ကြက်မှာအရိုး၊ လူမှာအမျိုး"**။ ကြက်မှာလည်း မျိုးရိုးအလိုက်ဖြစ်တတ်သည်။ လူမှာလည်း ထိုနည်းအတူ မျိုးရိုးလိုက်တတ်ပေသည်။

စာဖတ်သူဝေးဝေးသွားမကြည့်ပါနှင့်။ မိမိပတ်ဝန်းကျင်ရှိ မိသားစုတစ်စုမျှကို လေ့လာဝေဖန်သည့် အကြည့်ဖြင့်ကြည့်ပါ။ ရိုးသားဖြောင့်မတ်သောမိသားစုများသည် ရိုးသားဖြောင့်မတ်ကြသည်။ ကောက်ကျစ်ဆန်းပြားသောမိသားစုများလည်း စဉ်လာအရပင် ကောက်ကျစ်စဉ်းလဲကြသည်။ ထို့အတူ ဝီရိယရှိကြသောမိသားစု၊ ပေးကမ်းစွန့်ကြဲလေ့ရှိကြသော မိသားစု၊ စကားကောင်းပြောကြသောမိသားစုများသည် ဘမျိုးဘိုးတူဆိုသကဲ့သို့ မျိုးရိုးအလိုက်ဖြစ်ကြသည်။

ထို့ကြောင့် ဆင်းရဲသောမိသားစုများကလည်း ဆင်းရဲတွင်းဝဲဂယက်မှ လွတ်မထွက်နိုင်၊ ချမ်းသာသည့် မိသားစုများကလည်း ချမ်းသာပြီး ဤထက်ချမ်းသာ ဖြစ်နေကြသည်ကို တွေ့ရပါမည်။ အမူအကျင့်က လူ၏အဆင့်ကို ပြဋ္ဌာန်းပေးသည်။ အဓိက အကြောင်းရင်းမှာ အကောင်းဆုံးလမ်းစဉ်ဖြစ်သော ရိုးသားဖြောင့်မတ်မှုကျင့်စဉ်ကို ကျင့်သုံးမှု၊ မကျင့်သုံးမှုအပေါ်တွင် မူတည်ဖြစ်ပွားခြင်းဖြစ်ပေသည်။

**မရိုးဖြောင့်မှုပြစ်ဒဏ်**

လူ့အသိုက်အဝန်းတွင် မရိုးသားမှုပြုကျင့်သူကို လူလိမ်လူညာဟု သတ်မှတ်ကြသည်။ ဤသည်ကား ခဏပန်းမဟုတ်၊ တစ်သက်တာ။ ဘယ်သူ့သားလဲ ဟို ကိုအဂ္ဂါသားပေါ့။ သူလည်း လူလိမ်ပဲဖြစ်မှာပေါ့။ ဤသို့ မျိုးရိုးဂုဏ်ပါပျက်ရသည်။

ယနေ့ခေတ်ကာလတွင် တာဝန်ရှိသော၊ လုပ်ပိုင်ခွင့်ရှိသောသူတို့ ကျူးလွန်နေကြသည်မှာ အဂတိလိုက်စားမှုများပင်။ အချို့သိန်းဂဏန်းအနည်းငယ်၊ အချို့သိန်းဂဏန်းထောင်ချီပြီး၊ တိုင်းပြည် နိုင်ငံဆုံးရှုံးရပြီး နိုင်ငံသူ၊ နိုင်ငံသားများ နစ်နာကြရသည်။ ကျူးလွန်သူလည်း ဒုက္ခပင်လယ်ဝေရသည်။ လူမှုရေးနယ်ပယ်တွင်လည်း **"ငွေနှင့်မိန်းမစပ်လျဉ်းက ရိုးကြသူပင်ဆန်း"** ဟူသော ဆိုရိုးအတိုင်း ဖြစ်နေသည်။ ဆိုရိုးတစ်ခုထပ်တိုးရမည်မှာ **"ငွေနှင့်ယောကျ်ားစပ်လျဉ်းက ရိုးကြသူပင်ဆန်း"** ဖြစ်သည်။ မိန်းမ၊ ယောကျ်ားကိစ္စဖြင့် ပစ္စည်းဆုံး၊ လူအရှက်ရမှုမှအစ သေဆုံးသည်အထိ ဖြစ်ကြရသည်။ ယနေ့လည်း ဖြစ်နေသည်။ ရှေးကလည်းဖြစ်ခဲ့သည်။ ပုဂံပြည့်ရှင် မင်းယဉ်နရသိခ်သည် ညီတော် အိမ်ရှေ့စံနရပတိစည်သူ၏မိဖုရားဝေဠုဝတီကို မရိုးမဖြောင့်အကြံဖြင့် သိမ်းပိုက်ရာမှ ညီတော်၏လုပ်ကြံမှုဖြင့် အနိစ္စရောက်ရသည်။ ဤကိစ္စမျိုးများကို မဆင်ခြင်လျှင် နောင်လည်း ဖြစ်နေဦးမည်ပင်။ ဤမျှမရိုးဖြောင့်မတ်မှုဒဏ်က ပြင်းထန်လှသည်။

**မရိုးဖြောင့်မှုသဘောသဘာဝ**

**"လိမ်ညာမှုတစ်ခု၏နောက်မှ လိမ်ညာမှုဆယ်ခုလိုက်သည်"** ဟု အီတာလျံရှေးလူကြီးများက ဆိုဆုံးမခဲ့သည်။ ဤကား အမှန်တရားပင်။ စာဖတ်သူများ တွေးကြည့်ရုံဖြင့် သဘောပေါက်သွားပေပြီ။

မြန်မာစကားပုံကလည်း ဤသို့ဆိုထားသည်။ **"ရသာလျှင် ဘနဖူးသိုက်တူး"**။ မိမိအကျိုးရှိမည်ဆိုလျှင် မည်သူ့မျက်နှာမှမထောက်ထားဘဲ ရက်စက်စွာပြုမူပေတော့သည်။ ထို့ကြောင့် လူသတ်သူငှား၊ လူသတ် ပစ္စည်းယူ၊ မတရားရမည့်ငွေများ မောင်ပိုင်စီးပြုတော့သည်။ သို့သော် မချမ်းသာ၊ ငွေပစ္စည်းမရ၊ ထောင်နှစ်ရှည် ခံရဖြစ်တော့သည်။

ရိုးသားဖြောင့်မတ်ခြင်းကို ငွေဖြင့်ဝယ်မရပါ။ သို့သော် ငွေလုံးငွေရင်းရရှိခြင်း၊ ရိုးသားခြင်းဂုဏ်တို့ကို ရိုးသားဖြောင့်မတ်ခြင်းက ဆောင်ကြဉ်းပေးသည်။ ဤကား ရိုးဖြောင့်ခြင်း၏သဘောသဘာဝ၊ မရိုးဖြောင့်ခြင်းသည် ဆင်းရဲခြင်းဒုက္ခကို တစ်ထမ်းတစ်ပိုး သယ်ဆောင်လာသည်ကလည်း သူ့သဘောသဘာဝပင်။

မိမိကရိုးသားသော်လည်း မရိုးသားမဖြောင့်မတ်သူနှင့် ပေါင်းဖော်ရသောအခါ ငါးကိုထုပ်သောဖက်ရွက်သည် ငါးညှီနံ့နံသကဲ့သို့ဖြစ်ပြီး ဆုံးရှုံးနစ်နာရမှုနှင့် ရင်ဆိုင်ရသည်လည်း ရှိခဲ့ကြသည်။ ဤသည်လည်း မရိုးဖြောင့်မှု၏သဘောတရားပင်။

**ရိုးသားဖြောင့်မတ်ခြင်း၏**
**အကျိုးကျေးဇူးများ**

**"ကောက်သော်မစားလောက်၊ ဖြောင့်သော်စားမနိုင်"** ဟု မြန်မာစကားပုံရှိသကဲ့သို့ **"အမှန်တရားသည် အောင်မြင်သည်၊ လိမ်ညာမှုသည် ကျရှုံးလိမ့်မည်"** ဟု ဟိန္ဒူလူမျိုးတို့၏စကားပုံလည်း ရှိခဲ့သည်။ ထိုဆိုစကားကို လက်ကိုင်ထားပြီး ကုန်သွယ်ရာမှ ဟိန္ဒူများ စီးပွားတိုးတက်ချမ်းသာနေသည်ကို တွေ့ရပေသည်။

ရိုးသားဖြောင့်မတ်ခြင်း၏ ဂုဏ်ကျေးဇူးကို လူမျိုးတိုင်းကပင် အမွှမ်းတင်ကြသည်။ အနောက်တိုင်းလက်တင်စကားပုံက ဤသို့ တစ်မျိုးတစ်ဖုံ ဆိုထားပြန်သည်။ **"ရိုးသားခြင်းသည် အင်အားကို အတောင်တပ်ပေးသည်"**။ ဆိုလိုသည်မှာ ရိုးသားစွာ ပညာရှာလျှင်၊ ဥစ္စာရှာလျှင်၊ ရာထူးဌာနန္တရ မြင့်မားလိုလျှင် ရိုးသားကြိုးစားပြီးလုပ်ပါ။ ထိုက်ထိုက်တန်တန်ရရှိပါလိမ့်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ထို့ကြောင့် လူတစ်ဦးချင်း၏ဘဝမှစပြီး တိုင်းပြည်နိုင်ငံကြီးထိ တိုးတက်ကြွယ်ဝချမ်းသာလိုပါလျှင် တိုင်းသူပြည်သားတိုင်း ဤနေရာတွင် သာမန်ပြည်သူမှအစ တာဝန်ရှိသူများအဆုံး အားလုံး ရိုးသားဖြောင့်မတ်စွာ တွေးကြံ၊ ပြောဆို၊ လုပ်ကိုင်ကြရမည်။ ထိုမှ အကျိုးကျေးဇူးများ ခံစားစံစားကြရပါမည်။ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံကြပါကုန်။

ရိုးသားခြင်းသည် လူ၏ပင်ကိုအရည်အသွေးများအနက်မှတစ်ခုဖြစ်ပြီး တာရှည်ခံသောသဘော၊ ကောင်းကျိုးပြုနိုင်သောသဘော၊ အများတကာ၏ယုံကြည်မှုခံယူနိုင်သော သဘောတို့ပါဝင်သည်။ ရိုးသားခြင်းသည် အံ့ဖွယ်ဂုဏ်သတ္တိနှင့်လည်း ပြည့်စုံ၏။ ဟန်ဆောင်တတ်သော အသိုင်းအဝိုင်း၊ လည်သလို၊ လျင်သလိုဖြတ်စားလျှပ်စားလုပ်သော အသိုင်းအဝိုင်းတွင် ရိုးသားခြင်းသည် ထူးခြားသော အဓိပ္ပာယ်တစ်ခုအဖြစ်သို့ သူ့အလိုလိုရောက်ရှိသွားနိုင်သည်။ ရိုးသားသူကို ပညာရှိသူတော်ကောင်းတို့က ချီးမွမ်းလေ့ရှိကြ၏။

နောက်ဆုံးအနေဖြင့် အာရပ်တို့၏စကားပုံကို ဖော်ပြပါမည်။ ဤစကားပုံက အလုပ်အကိုင်မမှားစေရန် သတိပြုသင့်သည်ကို ထောက်ပြထားသည်။

**"လိမ်ညာမှုသည် အကျိုးရှိမည့်ပုံပေါ်သော်လည်း သင့်ကို ထိခိုက်နစ်နာစေလိမ့်မည်။ အမှန်တရား (ရိုးသားဖြောင့်မတ်ခြင်း)သည် သင့်ကို ထိခိုက်နစ်နာမည့်ပုံပေါ်သော်လည်း သင့်ကို အကျိုးရှိစေလိမ့်မည်။"**

ဖော်ပြပါစကားအရပ်ရပ် နိဂုံးကမ္ပတ်အဆုံး သတ်လိုက်သောအခါ ရိုးသားဖြောင့်မတ်ခြင်းသည်သာ ရေရှည်ကြီးပွားချမ်းသာခြင်း၏ အကောင်းဆုံးလမ်းစဉ် ဖြစ်ပေတော့သည်ဟု အာမခံစကား ပြောကြားအပ်ပါသည်။ ။

**ရိုးသားခြင်းသည် လူ၏ပင်ကိုအရည်အသွေးများအနက်မှ တစ်ခုဖြစ်ပြီး တာရှည်ခံသောသဘော၊ ကောင်းကျိုးပြုနိုင်သောသဘော၊ အများတကာ၏ ယုံကြည်မှုခံယူနိုင်သော သဘောတို့ပါဝင်သည်။ ရိုးသားခြင်းသည် အံ့ဖွယ် ဂုဏ်သတ္တိနှင့်လည်း ပြည့်စုံ၏။ ဟန်ဆောင်တတ်သော အသိုင်းအဝိုင်း၊ လည်သလို၊ လျင်သလိုဖြတ်စားလျှပ်စားလုပ်သော အသိုင်းအဝိုင်းတွင် ရိုးသား ခြင်းသည် ထူးခြားသော အဓိပ္ပာယ်တစ်ခုအဖြစ်သို့ သူ့အလိုလိုရောက်ရှိသွား နိုင်သည်။ ရိုးသားသူကို ပညာရှိသူတော်ကောင်းတို့က ချီးမွမ်းလေ့ရှိ။**

(၁၇-၆-၂၀၂၁)နေ့ထုတ် ရတနာပုံသတင်းစာတွင်ဖော်ပြခဲ့သည့်ဆောင်းပါးရှင် မြင်းခြံကျော်အောင်၏ "ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံးလမ်းစဉ်ဖြစ်သည်" ဆောင်းပါးကို ရတနာပုံသတင်းစာအယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

# တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးသိန်း ဗီယက်နမ်နိုင်ငံလက်ခံရရှိ

**ဟနွိုင်း ဇွန် ၂၀**

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးငါးသိန်းကို လက်ခံရရှိခဲ့ပြီး အဆိုပါ ကာကွယ်ဆေးများ တင်ဆောင်လာသည့် လေယာဉ်သည် ဇွန် ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းရှိ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းနားကို နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး ငုယင်သန်လောင်နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှောင်ဘိုတို့ တက်ရောက်ကြောင်း သိရသည်။

ယင်း Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပေးအပ်လှူဒါန်းသည့်အတွက် ဗီယက်နမ်အစိုးရနှင့် ပြည်သူများက တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီး ငုယင်သန်လောင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဗီယက်နမ်-တရုတ်နယ်စပ်အနီးဒေသများတွင် နေထိုင်သူများ၊ တရုတ်နိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်မည့် ဗီယက်နမ်နိုင်ငံသားများနှင့် နိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လျှင်မြန်စွာနှင့် ဘေးကင်းလုံခြုံစွာ ထိုးနှံပေးမည်ဟုလည်း ကတိပြုပါကြောင်း ငုယင်သန်လောင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံထုတ်




Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် ဇွန် ၄ ရက်တွင် အတည်ပြုပေးခဲ့ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၅၁၃ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၆၁၁ ဦး တွေ့ရှိ

**မော်စကို ဇွန် ၂၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၆၁၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၃၁၆၈၂၆ ဦးရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၀၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ မြို့တော်မော်စကို၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၈၆၅၇၀ ရှိလာပြီဖြစ်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၄၅၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၉၃၆၁ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၆၂၉ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၈၆၉၉၇၂ ဦး ရှိလာပြီဖြစ်သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၄၃၃၇၄၅၀ ခန့် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# တူရကီနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသုံးပြုမှု ၁ ဒသမ ၅ သန်းရှိလာ

**အန်ကာရာ ဇွန် ၂၀**

တူရကီနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုသည် ၁ ဒသမ ၅ သန်းအထိရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီး ကိုကာက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ အသက် ၃၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်းလည်း တူရကီကျန်းမာရေးဝန်ကြီး ကိုကာက ပြောကြားသည်။

တူရကီ နိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ရာ လက်ရှိတွင် တူရကီနိုင်ငံသား ၂၆၅၇၆၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၈၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၃၆၅၂၀၈ ဦး ရှိကြောင်းလည်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၉၁၂၂ ဦးရှိလာကြောင်း သိရသည်။ အလားတူ တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၁၉၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၅၂၂၈၄၁၉ ဦးရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၃၇ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဇွန် ၂၀**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၃၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၈၉၉၀၉ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့ပြင် ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူအရေအတွက်သည် ဇန်နဝါရီ ၃၀ ရက်ကစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၇၁ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၄၆၆၂ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ် ၆၃၈၅ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၇၉၂၅၂၈ ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိရာ လွန်ခဲ့သော တစ်ရက်အတွင်း မြို့တော်ဂျကာတာ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၈၂ ဦး၊ ဗဟိုဂျာဗား၌ ၂၁၉၅ ဦး၊ အနောက်ဂျာဗား၌ ၂၀၀၉ ဦး၊ အရှေ့ဂျာဗား၌ ၇၃၉ ဦးနှင့် ယိုးဂျကာတာ၌ ၆၆၅ ဦး အသီးသီးစစ်ဆေးတွေ့ရှိသည်။

သို့သော် မြောက်ပိုင်းဆူလာဝေစီခရိုင်၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ ကြောင်း သိရသည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၅ ဒသမ ၅၁ သန်းကို နိုင်ငံတစ်ဝန်း၌ ဖြန့်ဖြူးထားပြီးဖြစ်သည်။ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူအရေအတွက် ၁ ဒသမ ၅၅ သန်း (နိုင်ငံလူဦးရေ၏ ၄ ဒသမ ၉ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်မည့် ယူဂန္ဓာအားကစားသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**တိုကျို ဇွန် ၂၀**
တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည့် ယူဂန္ဓာအားကစားသမားတစ်ဦးတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံထားရကြောင်း ယနေ့ စစ်ဆေးတွေ့ရှိသည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ယခုနှစ် ဇူလိုင် ၂၃ ရက်တွင် စတင်မည်ဖြစ်သည်။

ယခုအချိန်တွင် ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိသော်လည်း အားကစားပြိုင်ပွဲကို ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိသည့်အတွက် နိုင်ငံတစ်ဝန်း၌ ခရီးသွားလာခွင့် ကန့်သတ်မှု စည်းမျဉ်းများကို ဇွန် ၁၈ ရက်မှစ၍ ချမှတ်ထားသည်။




ယခုစစ်ဆေးတွေ့ရှိသည့် ယူဂန္ဓာအားကစားသမားသည် တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ယူဂန္ဓာနိုင်ငံကိုယ်စားပြု အားကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ယူဂန္ဓာနိုင်ငံမှ လာရောက်ကြသည့် အားကစားသမားများ၊ နည်းပြများနှင့် တာဝန်ရှိသူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူများဖြစ်ကြောင်းလည်း သိရသည်။

၎င်းတို့အဖွဲ့သည် ယူဂန္ဓာနိုင်ငံမှ မထွက်ခွာမီ ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူရာ ရောဂါကူးစက်ခြင်းမတွေ့ရှိကြောင်း သိရသည်။ သို့သော် တိုကျိုမြို့ရှိ နာရီတာလေဆိပ်၌ ထပ်မံစစ်ဆေးမှုခံယူခဲ့ရာ ၎င်းတို့အနက် တစ်ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရောဂါပိုးတွေ့ရှိသည့်အားကစားသမားအား သီးသန့်ခွဲခြားနေထိုင်စေကြောင်း ဂျပန်တာဝန်ရှိသူများက ဆိုသည်။

ကျန်အားကစားသမားများ၊ နည်းပြများနှင့် တာဝန်ရှိသူများအား အိုဆာကာမြို့သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယူဂန္ဓာနိုင်ငံကိုယ်စားပြု အားကစားသမားအဖွဲ့သည် အိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည့် ဒုတိယမြောက် အားကစားသမားအဖွဲ့ဖြစ်သည်။

ဩစတြေးလျအမျိုးသမီး အားကစားအဖွဲ့သည် ဇွန် ၁ ရက်မှစပြီး ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယနေ့တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၇၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဂျပန်နိုင်ငံလူဦးရေ၏ ၁၆ ရာခိုင်နှုန်းခန့်သာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

အားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများအား ဇွန် ၁၈ ရက်မှစ၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား– ဘီဘီစီ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ငါးသိန်းခန့်ရှိလာ

**ရီယိုဒီဂျနေးရိုး ဇွန် ၂၀**
ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့်သေဆုံးသူပေါင်း ငါးသိန်းခန့် ရှိလာပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေး အာဏာပိုင်များက ယမန်နေ့တွင် ပြောသည်။

ကမ္ဘာ့နိုင်ငံများ အနက် အမေရိကန်နိုင်ငံသည် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် အများဆုံးဖြစ်ပြီး ဘရာဇီးနိုင်ငံသည် ဒုတိယမြောက်အများဆုံးဖြစ်သည်။



ယခုရက်သတ္တပတ်အတွင်း နေ့စဉ်ရောဂါကူးစက်ခံရသူ အရေအတွက် ၇၂၀၀၀ ဝန်းကျင် တွေ့ရှိရပြီး နေ့စဉ်သေဆုံးမှု အရေအတွက် ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လျက်ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ အကန့်အသတ်ဖြင့် လုပ်ကိုင်စေခြင်း၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို နိုင်ငံအတွင်း၌ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် သမ္မတဘော်ဆိုနာရိုက တွန့်ဆုတ်နှောင့်နှေးလျက်ရှိသည်။

ရီယိုဒီဂျနေးရိုးမြို့အပါအဝင် အခြားသော မြို့များ၌လည်း ဘရာဇီးအစိုးရအဖွဲ့၏ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် လုပ်ဆောင်ချက်များအပေါ် အားရကျေနပ်မှု မရှိသည့်အတွက် ဆန္ဒထုတ်ဖော်မှုများရှိသည်။

ဆောင်းဦးရာသီ ဝင်ရောက်တော့မည့်အချိန်တွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ပိုမိုမြန်ဆန်ကြောင်း ကျန်းမာရေး အာဏာပိုင်များက သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။ သို့သော် ကျန်းမာရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများ ချမှတ်မည်လား ဆိုသည်မှာ သေချာမှုမရှိသေးပေ။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ခုနစ်သိန်းနီးပါးရှိလာ

**ကွာလာလမ်ပူ ဇွန် ၂၀**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၂၉၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၉၆၄၀၈ ဦးရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၆၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၀၈ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူများအနက် ခုနစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၅၂၈၆ ဦးသည် ပြည်တွင်းမှ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၅၉၄၁ ဦး ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၂၈၁၈၅ ဦး (၉၀ ဒသမ ၂ ရာခိုင်နှုန်း) ရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၃၈၁၅ ဦးရှိပြီး ယင်းတို့အနက် လူနာ ၈၈၀ သည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး လူနာ ၄၅၄ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများတပ်ဆင်ထားရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

| |
|---|
| ကမ္ဘာ့တစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၇၉၀၇၅၃၆၀ ဦး |
| သေဆုံးသူ ၃၈၇၇၇၆၉ ဦး |
| ပြန်လည်ကျန်းမာလာသူ ၁၆၃၆၀၈၅၁၅ ဦး |

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အင်ဒိုနီးရှားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဂျကာတာ ဇွန် ၂၀**
တရုတ်နိုင်ငံ၏ ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Sinovac ကုမ္ပဏီထုတ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နောက်တစ်သုတ်သည် တရုတ်နိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ၏ ဆူကာနိုဟတ္တာလေဆိပ်သို့ ယနေ့ရောက်ရှိလာခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**လက်မှတ်ရေးထိုး**

အင်ဒိုနီးရှားအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့သည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့သော ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ယခုနှစ် ဇန်နဝါရီလက Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန်အတွက် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် နှစ်ဦးနှစ်ဖက်နှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းသုတေသနစူးစမ်းလေ့လာချက်များမှတစ်ဆင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးဝယ်ယူရေးဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် လူနေမှုဘဝများ ပုံမှန်အနေအထားသို့ ပြန်ရောက်နိုင်ရေးအတွက် ကာကွယ်ဆေးအလုံးရေ ၁၈၁ ဒသမ ၅ သန်းခန့် သုံးစွဲရန် စီစဉ်ထားသည်။

အင်ဒိုနီးရှားကျန်းမာရေးအာဏာပိုင်များသည် လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၄၀ ဒသမ ၃၄ သန်းခန့် သုံးစွဲခဲ့ပြီး ယင်းတို့အနက် ကာကွယ်ဆေးအလုံးရေ ၁၂ ဒသမ ၂၁ သန်းကို ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူခဲ့ပြီးသူများအတွက် သုံးစွဲခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် -

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး သာမန်အားဖြင့် (၁၅) ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည်ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည်ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့်ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသောကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပေးအပ်ရမည်ဟုဆိုကာ ငွေကြေးလိမ်လည်ကောက်ခံသူ ပြည်ကြီးတံခွန်မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အဖျက်အမှောင့်လုပ်ငန်း ဆောင်ရွက်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ဆူပူအကြမ်းဖက်သူများကြောင့် ဖမ်းဆီးခံထားရသူများ လွတ်မြောက်အောင် ဆောင်ရွက်ပေးမည်ဟုဆိုကာ မိမိကိုယ်ကျိုးအတွက် ငွေကြေးလိမ်လည်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် အဆိုပါကျူးလွန်သူများကိုလည်း ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အရေးယူဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက် ညနေပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် ၆၈ လမ်း သာယာဝတီမင်းကြီးလမ်းနှင့် မြဝတီမင်းကြီးလမ်းကြားရှိ ဘီယာဆိုင်တွင် ငွေကြေး လိမ်လည်ကောက်ခံသူဖြစ်သည့် ဒေါက်တာစိုင်းပြည့်စုံချမ်း (၅၁)နှစ်(ဘ) ဦးချမ်းအေး အထူးကုဆရာဝန် (အထွေထွေဆေးပညာ)ဆိုသူရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ၏ ထွက်ဆိုချက်အရ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများတွင် ကျန်းမာရေးစောင့်ရှောက်သူအဖြစ် အကြိမ်ကြိမ်လိုက်ပါခဲ့ကြောင်း၊ မတ်လတတိယပတ် ခန့်မှစတင်ကာ CDM လှုပ်ရှားမှုကို အခြေခံပြီး အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသူများကို အကျဉ်းထောင်အတွင်းမှ လွတ်မြောက်အောင် ကူညီမည်ဟု လိမ်လည်ပြောဆိုကာ ဖမ်းဆီးခံထားရသူတစ်ဦး ဖြစ်သည့် ဟိန်းထက်အောင်၏ ဖခင်ဖြစ်သူထံမှ ငွေကျပ် ၁၀ သိန်းအား လုံခြုံရေးအဖွဲ့များကို ပေးအပ်ရမည်ဟု လိမ်လည်တောင်းခံခဲ့ကြောင်းနှင့် အဆိုပါငွေကြေးများကို ၎င်းတစ်ဦးတည်းက ရယူခဲ့ကြောင်း သိရှိရသဖြင့် ဒေါက်တာစိုင်းပြည့်စုံချမ်းအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၂၁၁ စီး၊ သွင်းကုန် ၁၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဇွန် ၁၉ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၈၆၀ သန်း)ရှိ တရားမဝင် တင်ဆောင်ထားသော 6M/6407 ယဉ်တစ်စီးပေါ်တွင် ပိတောက်ခွဲသား အပိုင်းအစများ ၃ ဒသမ ၃၂၅၀ တန်၊ ကျွန်းခွဲသားများ ၂ ဒသမ ၆၇၅၀ တန်နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ် -၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၆-၂၀၂၁ တနင်္လာနေ့

### MRTV

- ၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ 'မိုးကြိုGAPဖဲတီစိမ်းစံပြခွက်များဆီသို့'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ပြည်သူ့နီတိ 'တစ်ကောင်ကြွက်'
- ၁၃:၀၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာများ (အပိုင်း-၆)
- ၁၃:၁၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
- ၁၆:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ၁၇:၀၅ This Week's Special Interest
- ၁၇:၃၅ ကျန်းမာရေးမဂ္ဂဇင်း 'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၀ သာလီစွပါမြို့မြောက်ဦး
- ၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှတ်ဆိုးပလေးရဲ့ကိုယ်ရံတော်' (အပိုင်း-၉)

### mitv

- 07:01 News
- 07:27 The Pride Of Myanmar: Traditional Handicraft
- 07:33 The Strokes of Myanmar
- 08:01 Myanmar Masterclass: Artist U Kyaw Thaung
- 08:13 Robe Business in Ta Ma Ta Kaw
- 08:28 Life In Night ........Art In Life (Ep-1)
- 09:01 A Tourist Destination Of Shan State
- 09:13 Myanmar's Traditions and Culture: Caves of Myanmar
- 09:39 Discovering Tribes: Tai Khun (or) Gon: their life and customs (Pa
- 10:27 Today Myanmar
- 10:38 Don Min Artist
- 11:01 Trend of Kachin Dress
- 11:28 Atuladhipati Mahamunisacca Koe Htat Kyee Pagoda
- 11:47 Irrawaddy Dolphin (Part-1)

### MRTV NKC

- **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** မနောအလှ
- **ကယား (၀၈:၀၀ မှ ၁၀:၀၀)** ဒေါဝယ်ရောရွာကလေးနှင့်လူနေမှုဘဝ
- **ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** မိုးဦးကျအချိန်ဖားရှာချက်ကြမယ်
- **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ဝေနှမြစ်ကမ်းနားကရွာသစ်ရွာကလေး
- **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** သာယာလှပသောကျုံထော်ရေတံခွန်သို့ သွားလည်ကြရအောင်
- **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၁)
- **ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** အသည်းကျန်းမာရေး
- **မွန် (၁၅:၀၀ မှ ၁၇:၀၀)** မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
- **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
- **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)
- **ဝ (၂၁:၀၀ မှ ၂၃:၀၀)** ဆွေညီနောင်များချစ်ကြည်စေမည့် အမိမြန်မာပြည်(အပိုင်း-၂)

### MRTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV FARMERS' CHANNEL ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**
မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက္ကဝတ်(၁) လမ်း အမှတ်(၃၆၂)နေ ပြည့်စုံထွန်း (၂၁)နှစ်(ဘ) ဦးထွန်းထွန်းနိုင်၏နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ 91 လက်ပစ်ဗုံး နှစ်လုံး အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်း အမှတ် (၁၈၂) နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ သက်ပိုင်ထူး(ခ)အလီ (၂၇)နှစ်(ဘ) ဦးဘိုးချိုကို လက်လုပ်ဗုံး ခြောက်လုံး၊ အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ငါးထပ်ကြီးတောင်ရပ်ကွက် ဆာဖိုးသာခြံအတွင်း လက်လုပ်ဗုံးများ ပြုလုပ်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စဉ် ဥယျာဉ်လမ်း အရောက်၌ အကြမ်းဖက်သူ ၁၀ ဦးခန့်က လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများမှာ အနီးရှိ လမ်းကြားအတွင်းသို့ ထွက်ပြေးသွားခဲ့ပြီး သွားရောက်စစ်ဆေးခဲ့ရာ ငါးထပ်ကြီးတောင်ရပ်ကွက် ဥယျာဉ်လမ်း အမှတ်(၂၉)နေ ဖိုးသကြ်န် (၁၆)နှစ်(ဘ) ဦးမြင့်ဌေးကို ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ လက်လုပ်ဗုံး နှစ်လုံးနှင့် မီးခိုးဗုံး တစ်လုံးတို့အား တွေ့ရှိရသဖြင့် ဖိုးသကြ်န်ကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။




မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက္ကဝတ်(၁)လမ်း အမှတ်(၃၆၂)နေ အမျိုးသား တစ်ဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ည ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သစ်ချိုကုန်းကျေးရွာနေ ဒေါ်သန်းသန်းထူး (စိစစ်ဆဲ) ပိုင်ဆိုင်ပြီး အောင်မျိုးကျော်(ခ)ဖားကြီးနှင့် ကိုမျိုး(စိစစ်ဆဲ)တို့ နှစ်ဦး ငှားရမ်းနေထိုင်သောနေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့နှစ်ဦးကို မတွေ့ရှိရဘဲ အဆိုပါနေအိမ် အိပ်ခန်းအတွင်းမှ လက်လုပ်မိုင်း နှစ်လုံး၊ အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၀ ရက် နံနက် ၃ နာရီတွင် မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက်နေ ရီရီမြ (၅၃)နှစ် (ဘ) ဦးပြူး၏နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ ရီရီမြနှင့်အတူ အောင်မင်းဦး(ခ) ကုလား (၂၃)နှစ် (ဘ) ဦးကျော်တိုး၊ ဖြိုးဝင်း(ခ)မော်ကြီး (၃၁)နှစ် (ဘ) ဦးဖိုးသာအောင်တို့ သုံးဦးကို လက်လုပ်သေနတ် ခြောက်လက်နှင့် လည်းကောင်း၊ နံနက် ၃ နာရီ မိနစ် ၄၀ တွင် အဆိုပါ ရပ်ကွက်နေ ဦးကြည်မောင် (၆၉)နှစ် (ဘ) ဦးထည်၏ နေအိမ်မှ ဦးကြည်မောင်နှင့်အတူ ၎င်း၏ဇနီး ဒေါ်ရီရီဝင်း (၆၈)နှစ် (ဘ) ဦးမြဲတို့နှစ်ဦးကို လက်လုပ်တူမီးသေနတ် သုံးလက်၊ လက်လုပ်သေနတ် ငါးလက်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက်နေ ဒေါ်ရီရီမြ၏ နေအိမ်အတွင်းမှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးတို့အား လက်လုပ်သေနတ် ခြောက်လက်နှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်း။

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူများ တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ အကြမ်းဖက်သူ အမျိုးသားလေးဦး သေဆုံးခဲ့ပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၀**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH နှင့် NUG တို့၏ သွေးထိုး မြှောက်ပင့်မှုများဖြင့် အကြမ်းဖက်သူများက အေးချမ်းစွာနေထိုင်သော ပြည်သူများ သေကျေပျက်စီးစေရန် ရက်စက်စွာ သတ်ဖြတ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင် များကိုလည်း ချောင်းမြောင်း တိုက်ခိုက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဝါးရှဉ်းချောင်းကုန်းဆင်းအနီးရှိ ဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ ဘော်ပြင်းကျေးရွာနေ ဦးမြင့်မောင်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကျော့ခင်တို့ နှစ်ဦးကို အကြမ်းဖက်သောင်းကျန်းသူများက သေနတ်၊ ဓားတို့ဖြင့် ပစ်ခတ်ထိုးခုတ်ခဲ့သဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ရရှိဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ရုပ်အလောင်းများကို ဂန့်ဂေါ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ရင်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သေဆုံးသူများ၏ ရုပ်အလောင်းများကို ဘော်ပြင်းကျေးရွာတွင် ပြန်လည်သင်္ဂြိုဟ်နိုင်ရေးအတွက် သေဆုံးသူများ၏ မိသားစုဝင်များနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါပြီး ဂန့်ဂေါဆေးရုံကြီးမှ ဘော်ပြင်းကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့သည်။

ထိုသို့ ပို့ဆောင်ခဲ့ရာ ဘော်ပြင်းကျေးရွာသို့ မရောက်မီ တစ်မိုင်ခန့်အကွာအရောက်တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ ၁၅ ဦးခန့်က တူမီးသေနတ်၊ မောင်းပြန် သေနတ်များဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့ တိုက်ခိုက်ခဲ့သည့် နေရာအား သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေပြီး အမျိုးသား တစ်ဦး၏ လက်အတွင်းမှ တူမီးသေနတ် တစ်လက်ကို သိမ်းဆည်းရရှိခဲ့သည်။



ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သူများ ဆုတ်ခွာသွားသည့် လမ်းကြောင်းအား လိုက်လံစစ်ဆေးခဲ့ရာအကြမ်းဖက်သူများ တိုက်ခိုက်ခဲ့သည့် နေရာနှင့် ပေ ၁၀၀ ခန့်အကွာ အရောက်တွင် ၎င်းတို့က ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး ထိမှန်ဒဏ်ရာများဖြင့်သေဆုံးခဲ့ပြီး ၎င်းတို့ထံမှ M 22 မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၄၉ တောင့်နှင့် ကျည်အိမ် နှစ်ခု ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သူများမှ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး၏ ယာဘက်ပေါင် ထိမှန်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သူ အမျိုးသား လေးဦး သေဆုံးခဲ့ကာ၊ အကြမ်းဖက်သူများထံမှ M 22 မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ၄၉ တောင့်၊ ကျည်အိမ် နှစ်ခုနှင့် တူမီးသေနတ် တစ်လက်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် ထိုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော လုံခြုံရေးအင်အားများ ဖြည့်တင်း၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်သော ပြည်သူများနှင့် နေအိမ်များကို လက်နက်ကိုင်အကြမ်းဖက်သူများ လုပ်ကြံသတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်

**နေပြည်တော် ဇွန် ၂၀**
NLD ပါတီထောက်ခံသူများနှင့် အကြမ်းဖက်သူများအနေဖြင့် အေးချမ်းစွာနေထိုင်သော ပြည်သူများအပေါ် အကြောက်တရားများ လွှမ်းစေရန်ရည်ရွယ်ကာ လူမဆန်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများ၊ မိုင်းထောင်၊ မိုင်းခွဲခြင်းများပြုလုပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ညောင်ပင်သာရပ်ကွက် နွားတောင်ကျောင်းလမ်းနေ ဦးဝင်းဇော်ဦး(၅၀)နှစ် (ဘ) ဦးတင်အေး၏ နေအိမ်သို့ ဆူပူအကြမ်းဖက်သောင်းကျန်းသူများက သေနတ်များဖြင့် လာရောက်ပစ်ခတ် သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးဝင်းဇော်ဦးသည် ၎င်း၏နေအိမ်ရှေ့လမ်းဘေး၌ ဝဲဘက်ရင်အုံ ကျည်ထိမှန်ဒဏ်ရာ တစ်ချက်ဖြင့်လည်းကောင်း၊ အဆိုပါနေအိမ်အတွင်း၌ ၎င်း၏ဇနီး ဒေါ်စန်းစန်းမော်(၄၈)နှစ်၊ သားဖြစ်သူ ကိုသီဟအောင်(၂၃)နှစ်၊ ယောက်ဖဖြစ်သူ ကိုဇော်ဇော် (၃၅)နှစ်တို့တွင် မျက်နှာ၊ နောက်ကျော၊ ရင်အုံတို့တွင် ကျည်ထိမှန်ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေပြီး သမီးဖြစ်သူ မစန်းရွှေဦး(၂၅)နှစ်တွင် ဝမ်းဗိုက်ကျည်ထိမှန်၊ ယာမျက်ခုံး ဖူးယောင်ဒဏ်ရာ များရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အေးချမ်းစွာနေထိုင်သော ပြည်သူများအား အကြောင်းမဲ့ ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်ပတ်သက် ကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သွေးလွန်တုပ်ကွေးအန္တရာယ် အထူးသတိရှိကြစေချင်

တင်ထက်ထက်ဇော်



သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးရောဂါ ဖြစ်သည်။ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေပြီး တစ်နှစ်လျှင် ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါး ရှိကြောင်း၊ ၎င်းတို့အနက် လူကြီး ၁၀ ရာခိုင်နှုန်းနှင့် ကလေး ၃၀ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါကို ကပ်ရောဂါအဖြစ် ၁၆၃၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်တွင် ကပ်ရောဂါအဖြစ် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ တစ်ထောင့်နှစ်ရာကျော်ရှိကာ ရှစ်ဦး သေဆုံးခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ လူဦးရေထူထပ်သော ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် မွန်ပြည်နယ်တို့ ဖြစ်သည်။ ၎င်းပြည်နယ်ငါးခုအနက် ရန်ကုန်တိုင်းဒေသကြီးက ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံး ဖြစ်ခဲ့သည်။ ယခုနှစ် ၂၀၂၁ ခုနှစ်တွင်လည်း မြန်မာပြည်တွင် ကိုဗစ်-၁၉ ရောဂါသည် တတိယလှိုင်းအသွင် ကူးစက်ပျံ့နှံ့နေ၍ ပြည်သူ ပြည်သားများ အတတ်နိုင်ဆုံး လူစုလူဝေးရှောင်ကာ အိမ်ထဲတွင် အနေများရခြင်းက အိမ်တွင်းခြင်ကိုက်ခံရမှု ပိုများနိုင်သည့်အတွက် သွေးလွန်တုပ်ကွေးကူးစက်မှု ပိုများနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားစေသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းများ နှိမ်နင်းရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်များကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အစဉ်သတိပြု လုပ်ဆောင်သင့်ပေသည်။

### သွေးလွန်တုပ်ကွေးဆိုသည်မှာ

သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံက အေးဒီးစ်ခြင်ကျားများဖြစ်ပြီး ရေကြည်ရေသန့်မှာ ပေါက်ပွားလေ့ရှိသည်။ မိုးရွာပြီးနောက် ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရေတင်ကျန်ခဲ့ပြီးနောက် နေထွက်လာသောအခါ ပိုးလောက်လမ်းများ ပေါက်ပွားလာကာ ၎င်းမှတစ်ဆင့် ခြင်ကျား(ခေါ်) ခြင်ပုန်းများ ဖြစ်လာသည်။ ခြင်ပုန်းများက ပေါက်ပွားမှု မြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။ နေ့ဘက်အချိန်များမှာ ခြင်ကိုက်လေ့ရှိသည်။ မိုးဦးစကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသောသွေးများကို သယ်ဆောင်သွေးစုပ်ခံခြင်းဖြင့် သွေးလွန်တုပ်ကွေး အစပျိုး ဖြစ်ပေါ်လာရသည်။ ရှေးကာလများမှာ အသက် သုံးနှစ်နှင့် ၁၅ နှစ်အရွယ်ကလေးများ အဖြစ်များကြပြီး ယခုနောက်ပိုင်းတွင် တစ်နှစ်အောက်ကလေးများသာမက အသက် ၁၅ နှစ်အထက် (၂၅ နှစ်မှ ၃၀ နှစ်) အရွယ်များလည်း သွေးလွန်တုပ်ကွေးဖြစ်လာကြသည်။ ယခုလို မိုးဦးဇွန်လမှစ၍ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတို့တွင် အဖြစ်များ၍ သတိနှင့် ကြိုတင်ကာကွယ်တတ်ကြရန် အရေးကြီးပါသည်။

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

ရောဂါလက္ခဏာများမှာ အပူချိန် ၁၀၀ နှင့်အထက် အဖျားကြီးခြင်း၊ ကိုယ်အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်ခန့်အထိ ရုတ်တရက် ဆောင့်တက်လာခြင်း၊ ခေါင်းလွန်စွာကိုက်ခဲခြင်း၊ နားထင်များ နာကျင်ကိုက်ခဲခြင်း၊ အရိုး၊ ကြွက်သား၊ အရိုးဆစ်စသည့် ကိုယ်လက်ကိုက်ခဲခြင်း၊ ဗိုက်နာဗိုက်အောင့်ပြီး ဗိုက်ကိုအထိမခံနိုင်ခြင်း၊ ခိုက်ခိုက်တုန်၍ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ အရေပြားပေါ် အနီရောင်အစင်းကြောင်းများပေါ်လာခြင်း၊ မျက်နှာနီအမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ကာ အချိန်ပြည့်မှိန်းနေတတ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစာအသောက် အရည်ဝင်ပြီးသည်နှင့်တစ်ပြိုင်နက် အန်ထွက်ခြင်း၊ လည်ချောင်းနာခြင်း၊ လက်မောင်းကို သွေးပေါင်ချိန်တိုင်းကိရိယာနှင့် တိုင်းကြည့်ပါက Hess Test Positive ဖြစ်နေခြင်း စသည်တို့ဖြစ်သည်။ အချို့သူများမှာ ချောင်းဆိုး၊ နှာစေး၊ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သည်။

### သွေးလန့်ခြင်းရောဂါလက္ခဏာများ

အထက်ပါလက္ခဏာများသည် သာမန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ဆေးဝါးကုသမှုခံယူပါက ပျမ်းမျှ ရက်သတ္တတစ်ပတ်အတွင်း နေကောင်းသွားပါလိမ့်မည်။ သို့သော် သုံးရက်မှ ငါးရက်အတွင်း အဖျားတက်ရာမှ ရုတ်တရက် အဖျားကျလာပြီး တော်တော်နှင့် မလန်းဆန်းဘဲ လေးလံထိုင်းမှိုင်းပြီး မှိန်းနေခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ခြေလက်များအေးစက်ခြင်း စသည်တို့သည် သွေးလန့်ခြင်းလက္ခဏာများ ဖြစ်ကြသည်။ အထူးသဖြင့် ကလေးများတွင် သွေးလန့်လေ့ရှိကြသည်။ "သွေးလန့်ခြင်း" ဆိုသည်မှာ ခန္ဓာကိုယ်အနှံ့အပြားကို သွေးသွားလာမှုလျော့သွားခြင်းကို ဆိုလိုပါသည်။ သွေးရည်ကြည်များ ပြင်ပကိုခဏထွက်သွားသည်ဟု ဆေးသိပ္ပံပညာအရ ပြောလေ့ရှိပြီး အသက်အန္တရာယ် စိုးရိမ်ရသဖြင့် **"အဖျားကျစဉ် မလန်းလျှင် အစဉ်သတိချပ်"** ဟု ပြောစမှတ်ပြုကြသည်။ သွေးလန့်သော အခြားလက္ခဏာများမှာ မတ်တတ်ရပ်စဉ် မူးယိုင်ခြင်း၊ မကြာခဏ အဖျားတက်လိုက် ကျလိုက်ဖြစ်ခြင်း၊ မောပန်းခြင်း၊ သွေးခုန်နှုန်း သိသိသာသာ ကျဆင်းသွားခြင်း၊ အာခံတွင်းခြောက်သွေ့ခြင်း၊ အသက်ရှူနှုန်း မြန်ဆန်လာခြင်း၊ အသည်းရောင်ကိုင်းခြင်း၊ ကော်ဖီရောင်ပျို့အန်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးဖြူဥ နည်းသွားခြင်း၊ ဆီးနည်းလာပြီး ဆီးထဲသွေးပါခြင်း၊ ကတ္တရာစေးအရောင် ဝမ်းအမည်းများသွားခြင်း စသည်တို့ ဖြစ်ကြသည်။ ထိုအခြေအနေမျိုးတွင် ဆရာဝန်၏ လက်ဦးမှုကို အရယူနိုင်ဖို့ လွန်စွာအရေးကြီးပါသည်။ ထိုအခါ လူနာ၏ ရောဂါအခြေအနေနှင့် ကိုယ်ခံစွမ်းအားပေါ်မူတည်ပြီး တစ်နာရီခြားတစ်ခါ စောင့်ကြည့်ကာ ဆရာဝန်က လိုအပ်သလို ရိုးရိုးဆားရည်သွင်းခြင်း (သို့မဟုတ်) သွေးရည်ကြည်သွင်းခြင်း (သို့မဟုတ်) ဆေးကော်ရည်သွင်းခြင်းတို့ကို သွေးခုန်နှုန်းပမာဏ၊ ဆီးပမာဏနှင့် သွေးပျစ်ကျဲနှုန်း စသည်တို့ပေါ်မူတည်၍ ထိရောက်စွာ ကုသမှုခံယူရပါမည်။

### ခြင်ကိုစားသော ဒေါင်းငါး

မြန်မာအခေါ်အဝေါ် ဒေါင်းငါး၊ အင်္ဂလိပ်ဘာသာဖြင့် သိပ္ပံအမည်မှာ Poecila reticulate ဖြစ်ပြီး မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ ဖြစ်သည်။ ခြင်သားလောင်း (ပိုးလောက်လမ်း)များကို စားသုံးသည့် အလေ့အထကြောင့် ခြင်နှိမ်နင်းရန်၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါတို့ကို ကာကွယ်ရန်အတွက် အရပ်ရပ်သို့သယ်ယူကြရာမှ ကမ္ဘာအနှံ့အပြားသို့ ဒေါင်းငါးများ ရောက်ရှိပျံ့နှံ့သွားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်အတွင်းကပင် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းမျိုးစိတ်တွင် ငါးအထီး၏အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးခြင်း ဖြစ်ပေသည်။ ၎င်းအလှမွေးငါးများသည် ရေချိုငါးမျိုးစိတ်ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန်ခံနိုင်ရည်ရှိ၍ ရေငန်အတက်၊ အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသတို့၌လည်း ရှင်သန်နိုင်သည်။

ဒေါင်းငါးများ၏ အစာစားသည့်အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပင်ပေါက်လေးများကို စားသည်။ အထူးသဖြင့် ခြင်သားလောင်း၊ ပိုးလောက်လမ်းတို့ကို အဓိကထားစားကြသောကြောင့် ခြင်နှိမ်နင်းရေးငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်များဥချသော ခြင်ဥများမှတစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ်ထည့်ပေးထားရုံဖြင့် ၎င်းငါးလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ်ပြုလုပ်ပေးသွားကြမည် ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ❐

**သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံက အေးဒီးစ်ခြင်ကျားများဖြစ်ပြီး ရေကြည်ရေသန့်မှာ ပေါက်ပွားလေ့ရှိသည်။ မိုးရွာပြီးနောက် ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရေတင်ကျန်ခဲ့ပြီးနောက် နေထွက်လာသောအခါ ပိုးလောက်လမ်းများ ပေါက်ပွားလာကာ ၎င်းမှတစ်ဆင့် ခြင်ကျား(ခေါ်) ခြင်ပုန်းများ ဖြစ်လာသည်။ ခြင်ပုန်းများက ပေါက်ပွားမှု မြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။ နေ့ဘက်အချိန်များမှာ ခြင်ကိုက်လေ့ရှိသည်။ မိုးဦးစကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသောသွေးများကို သယ်ဆောင်သွေးစုပ်ခံခြင်းဖြင့် သွေးလွန်တုပ်ကွေး အစပျိုးဖြစ်ပေါ်လာရ။**



# အိမ်မဲမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၄ လုံး ပျက်စီးဆုံးရှုံး



**အိမ်မဲ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ညောင်ကုန်းချောင်းဖျား ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ယနေ့နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၄ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ညောင်ကုန်းချောင်းဖျားကျေးရွာအုပ်စု အကယ်ရိုးကျေးရွာ၊ အုန်းပင်စုကျေးရွာ၊ သဲကုန်းကျေးရွာ၊ ချောင်းဖျားကျေးရွာတို့မှ ပျက်စီးဆုံးရှုံးသောနေရာများသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူလူထုများဖြင့် ပူးပေါင်း၍ ရှင်းလင်းဖယ်ရှားပေးခဲ့ကာ နေအိမ်ရှိမိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများထံတွင် ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အိမ်မဲ-ဒါးက ကားလမ်းဘေးဝဲယာရှိသစ်ပင် ၁၃ ပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်နေသောကြောင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အိမ်မဲ(ပြန်/ဆက်)**

❐ စာမျက်နှာ ၁၆ မှ

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီးတစ်ကောင်သည် တစ်ရက်လျှင် ခြင်လောက်လမ်းကောင်ရေ ၃၀ ခန့်ကိုစားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမတစ်ကောင်လျှင် ခြင်လောက်လမ်းကောင်ရေ ၆၀ ခန့်ကိုစားသည်။ ထို့ကြောင့် မိမိတို့ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများ အနီးတစ်ဝိုက်ရှိ သောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာ တိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းထားသင့်သည်။ ရေကန်များအတွင်း ဒေါင်းငါးမျိုးထည့်သွင်းမွေးမြူခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်သည့် လုပ်ငန်းစဉ်တွင် Mosquito Control အနေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါသည်။

သွေးလွန်တုပ်ကွေးရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သောဆေးဝါး ယနေ့အထိမပေါ်သေးပါ။ ရောဂါဖြစ်လာမှ ကုသခြင်းထက် မဖြစ်အောင်ကြိုတင်ကာကွယ်ထားတတ်ဖို့လိုပါသည်။ ထို့ကြောင့် “ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်တယ် @ Precaution is better than Cure”ဟု ဆိုကြခြင်းဖြစ်သည်။ အရေးအကြီးဆုံးမှာ ခြင်ကိုက်မခံရစေရန်ဖြစ်ပါသည်။ နေ့လယ်နေ့ခင်းတွင်လည်း အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်း ခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ်ထူကိုယ်ထ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ(မိလ္လာ) သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့်(၅)သန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စု တစ်စုချင်းစီတိုင်း တာဝန်ယူကြမည်ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံး အတိုင်းအတာထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည်ဟု သုံးသပ်မိပါသည်။

အချုပ်အားဖြင့်ဆိုသော် ကူးစက်ရောဂါဆိုင်ရာ (Epidemiology)အရ သွေးလွန်တုပ်ကွေးရောဂါသည် လေးနှစ်လျှင်တစ်ကြိမ် အပြင်းအထန် (Outbreak) ဖြစ်ပွားတတ်သည်။ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်မှာလည်း သွေးလွန်တုပ်ကွေးရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ကိုဗစ်-၁၉ ကာလ လူစုလူဝေး ရှောင်သည့်အနေဖြင့် မိမိအိမ်တွင်းအနေများကြရခြင်းက အေးဒီးစ်ခြင်ကျား အကိုက်ခံရနိုင်ခြေ အခွင့်အလမ်းသာနေသဖြင့် ယခုနှစ် ကိုဗစ်-၁၉ ကာလမှာလည်း သွေးလွန်တုပ်ကွေးအန္တရာယ် အထူးသတိရှိကြစေချင်ပါကြောင်း။ ။

## စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**


မပြည့်ဝဆီ



ပြည့်ဝဆီ


အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဇေယျာသီရိမြို့နယ်ရှိ ဝါးလက်မှုလုပ်ငန်းနှင့် မျှစ်ခြောက်သိုလှောင်ရုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ဇေယျာသီရိမြို့နယ်ရှိ ဝါးလက်မှုလုပ်ငန်းနှင့် မျှစ်ခြောက်သိုလှောင်ရုံသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဝါးကိုစိုက်ပျိုးထုတ်လုပ်ပြီး ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များကို အားပေးကူညီနိုင်ရန်၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများရရှိနိုင်ရန်၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဈေးကွက်ရှာဖွေပြီး ပြည်တွင်း ပြည်ပတင်ပို့နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရန်၊ အလေ့ကျပေါက်သည့် ဝါးမဟုတ်ဘဲ ပြုစုပျိုးထောင်နည်းစနစ်၊ စိုက်ပျိုးနည်းစနစ်များကို ဝါးစိုက်တောင်သူများအား နည်းစနစ်ပေးပြီး ပူးပေါင်းကူညီဆောင်ရွက်သွားရန်၊ သစ်တောပြုန်းတီးမှု နည်းပါးစေရန်ရည်ရွယ်၍ ယခုလို ကွင်းဆင်းပြီး ကြည့်ရှုရခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပန်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်



**ဟိုပန် ဇွန် ၂၀**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီက ဟိုပန်မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်စာသင်တိုက် တစ်တိုက်နှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း ခြောက်ကျောင်းတို့တွင် ဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်ခဲ့**

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးကြပ်ကာ ဟိုပန်မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကြက်ခြေနီအသင်းမှလူငယ်များပူးပေါင်း၍ စုစုပေါင်းအင်အား ၃၀ ဖြင့် ရပ်ကွက်အတွင်းရှိ ခြင်များခိုအောင်းနိုင်သော နေရာများ၊ ရေနုတ်မြောင်းများ၊ စာသင်ကျောင်းခန်းများနှင့် လူနေအိမ်များအား မာလာသီယွန်ဆေးဖြင့် ခြင်ဆေးဖျန်းစက် သုံးလုံးကို အသုံးပြုကာ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်ကျော်၊ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စိုး၊ ဒုတိယရဲမှူးကြီးစိုးပိုင်နှင့် ဦးကျင်ဝမ်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၁)ကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည်။

ယင်းသို့ပြုလုပ်ရာတွင် သဃ်ာန်းကျွန်းမြို့နယ် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်ရင်းမှူးနှင့် တပ်မတော်သားများပူးပေါင်း၍ မိုးတွင်းကာလ ကျောင်းသားကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကျောင်းအတွင်း၊ အပြင် ချုံနွယ်သစ်ပင်များ၊ ရေမြောင်းများ သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန္ဒာမိုး(ပြန်/ဆက်)**

**ကွန်ဟိန်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ မိုးရာသီကာလတွင်အဖြစ်များလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်ပွားစေနိုင်သော ခြင်များပေါက်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကွန်ဟိန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သက်သက်မွန်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့မဈေး၊ အထကကျောင်းနှင့် ရပ်ကွက်များရှိ နေအိမ်များ၊ ရေသိုလှောင်ကန်များ၊ သောက်ရေတွင်း၊ ရေအိုး၊ ရေစည်၊ ရေတိုင်ကီများထဲသို့ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး**

# အာရှအတက် မြန်မာ့အချက်

ဇော်ဇော်အောင် (မန္တလေး)

**မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကလည်း နဂိုကတည်းက နိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုရှိရေးနဲ့ ငြိမ်းချမ်းတည်ငြိမ်ရေးကို အခြေခံထားတာ ဖြစ်တာနဲ့အညီ အနာဂတ်ကမ္ဘာ့အင်အားများ စုစည်းတည်ရှိနေတဲ့ နိုင်ငံတစ်ခုအဖြစ် အရှေ့နဲ့ရော အနောက်နဲ့ပါ ကောင်းမွန်စွာ ကူးလူးဆက်ဆံနိုင်မယ်ဆိုရင်၊ နိုင်ငံတည်ငြိမ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ပြီးတော့ ထိရောက်တဲ့စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်ကျင့်သုံးနိုင်မယ်ဆိုရင် ကိုဗစ်ကပ်ရောဂါ ပြဿနာအလွန်ကာလ အာရှဒေသ ကြွယ်ဝချမ်းသာလာတော့မယ့် အခြေအနေသစ်ဟာ မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေးကြီးတစ်ရပ်အဖြစ် သေချာပေါက် ဖြစ်တည်လာနိုင်**

(၂၁) ရာစုဟာ အနောက်ကမ္ဘာ အကျ၊ အရှေ့ကမ္ဘာအတက် ရာစုနှစ်ဖြစ်ကြောင်း စီးပွားရေး၊ နိုင်ငံရေး ပညာရှင်များက ခပ်စိတ်စိတ်ဟောကိန်းထုတ်လာကြတဲ့အတိုင်းပဲ အခုနှစ်များမှာ အနောက်ကမ္ဘာရဲ့ နိုင်ငံရေးဩဇာ ကစဉ့်ကလျား ဖြစ်လာခြင်းနဲ့ ကိုဗစ်ကပ်ဘေးကို အကြောင်းပြုတဲ့ စီးပွားရေးဆိုင်ရာ အကျပ်အတည်းများ ပေါ်ပေါက်ခြင်းကို ကြုံတွေ့နေရပြီဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်တွေ့လာနေရပါတယ်။ ကိုဗစ်ဂယက်ကြောင့် ထိခိုက်ကြရတာ တစ်ကမ္ဘာလုံး ဖြစ်သော်ငြားလည်း နဂိုမူလ ချမ်းသာကြွယ်ဝပြီးသား အနောက်တိုင်း အင်အားကြီးနိုင်ငံများက ပိုထိခိုက်မှု ပြင်းထန်ကြရပါတယ်။ ပညာရှင်များတွက်ချက်ထားတဲ့ အထဲမှာ ကိုဗစ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာရတဲ့ ပြဿနာတွေ မပါဝင်ပါဘူး။ ကိုဗစ်ကြောင့် အနောက်ကမ္ဘာရဲ့ ပါဝါဆုတ်ကပ်ကို ပိုမိုဆိုးရွားစေခဲ့ရပါတယ်။

### နန်းစွန့်ရမယ့်အရေး

အခုဆိုရင် အနောက်နိုင်ငံများအနေနဲ့ အရှေ့ကမ္ဘာဘက်ခြမ်းဆီ ပါဝါချိန်ခွင်လျှာ ပြန်လည်တိမ်းညွတ်ပြောင်းလဲတော့မယ့် အနေအထားကို ကောင်းစွာ ရိပ်စားမိလာသလို လက်မခံလို့မရတော့တဲ့ အနေအထားကို တဖြည်းဖြည်း ရောက်လာတာကြောင့် ကမ္ဘာ့ဩဇာရှင်ဘဝကနေ နန်းစွန့်ရမယ့်အရေးကို အသည်းအသန် ကာကွယ်ဖို့ ကြိုးစားနေရပြီ ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တရုတ်နိုင်ငံရဲ့ ကမ္ဘာတစ်ပတ် စီးပွားရေးအစီအမံ မဟာဗျူဟာဖြစ်တဲ့ BRI (Belt and Road Initiative) အစီအစဉ်ကို လက်တုံ့ပြန်မယ့် အစီအစဉ်များ စတင်ရေးဆွဲနေပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်တာ တွေ့ရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံများရဲ့ စီးပွားရေးကြမ္မာကို ချုပ်ကိုင်ခြယ်လှယ်တာမျိုး လက်မခံနိုင်ကြောင်းနဲ့ တရုတ်ရဲ့ စီးပွားရေးမဟာဗျူဟာအစီအမံနဲ့ အပြိုင်ကြဲတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒါဟာ တရုတ် (နဲ့ အိန္ဒိယ) ကို ဗဟိုပြုပြီး ကြီးထွားလာတော့မယ့် အာရှရဲ့ အင်အားကို စိုးရိမ်ထိတ်လန့်ကြောင်းနဲ့ အနောက်ကမ္ဘာက ရာစုနှစ်နဲ့ချီပြီး ကမ္ဘာ့ဩဇာကို လွှမ်းမိုးထားခဲ့တဲ့ အနေအထားကနေ စွန့်လွှတ်ရတော့မှာကို နားလည်နေပြီဖြစ်ကြောင်း သိသာစေတဲ့လက္ခဏာ ဖြစ်ပါတယ်။

အမေရိကန် ပြည်ထောင်စုက တရုတ်နိုင်ငံရဲ့ စီးပွားရေးမဟာဗျူဟာကို ပြိုင်ဆိုင်ဖို့ အခုလို ထုတ်ဖော်ပြောဆိုလိုက်တဲ့ အချိန်မှာပဲ အမေရိကန်တို့ရဲ့ အဓိက မဟာမိတ်အုပ်စုဖြစ်တဲ့ ဥရောပသမဂ္ဂ(EU)ကလည်း ၎င်းတို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်မြင့်မားတဲ့ BRI (Belt and Road Initiative) အစီအစဉ်ကို ယှဉ်ပြိုင်လုပ်ကိုင်ဖို့ စတင်ဆွေးနွေးကြပါတယ်။ B3W (Build Back Better World) အစီအစဉ်နဲ့ ကမ္ဘာအနှံ့ကို ဖြန့်ကြက်ပြီး ပြန်လည်လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့အတွက် G7 (Canada, France, Germany, Italy, Japan, the United Kingdom and the United States) ထိပ်သီးအစည်းအဝေးမှာ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကမ္ဘာ့နိုင်ငံများအနေနဲ့ သူတို့ရဲ့ အခြေခံအဆောက်အအုံများအတွက် တရုတ်နိုင်ငံရဲ့ အကူအညီကို ရယူဖို့ မလိုအပ်ဘဲ ဥရောပသမဂ္ဂရဲ့ အကူအညီအထောက်အပံ့များကို ရယူလုပ်ကိုင်ကြရေး စတင်စဉ်းစားကြပြီးတော့ တရုတ်တို့ရဲ့ ကမ္ဘာလုံးဆိုင်ရာ ဩဇာလွှမ်းမိုးနိုင်မှုပမာဏကို ကန့်သတ်ဖို့ အားထုတ်လာကြခြင်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ဒီကိစ္စကို လုံးဝလက်ခံခြင်းမပြုဘဲ ချက်ချင်းတုံ့ပြန်ပါတယ်။ အုပ်စုဖွဲ့ထားတဲ့ နိုင်ငံများအစုအဖွဲ့တစ်ခုခုကနေပြီး ကမ္ဘာ့ကံကြမ္မာကို ခြယ်လှယ်ချုပ်ကိုင်ဖို့ မဖြစ်နိုင်တော့ကြောင်းနဲ့ ကမ္ဘာ့အရေးများကို တစ်ကမ္ဘာလုံးက တန်းတူညီမျှရပ်တည်ပြီး ညှိနှိုင်းဖြေရှင်းကြရမယ့်အချိန်ကို ရောက်ရှိလာပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလာပါတယ်။

### အများကြီးနောက်ကျ

အမေရိကန်နဲ့ ဥရောပအုပ်စု (အနောက်အင်အားကြီးနိုင်ငံများ) အနေနဲ့ တရုတ်နိုင်ငံရဲ့ ပါဝါကြီးထွားလာမှုကို ဟန့်တားဖို့ အားထုတ်ကြတဲ့ ကိစ္စဟာ အများကြီးနောက်ကျနေတာ တွေ့ရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အာရှသာမက အာဖရိကနိုင်ငံများ တော်တော်များများ အပြင် ဥရောပနိုင်ငံတချို့နဲ့ပါ ကောင်းစွာ ချိတ်ဆက်လုပ်ကိုင်နေတာဟာ တော်တော်ကြီး ခရီးတွင်နေပြီဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ အဂ္ဂမဟာနိုင်ငံရေးစီးပွားရေးစီမံကိန်း (Grand political-economic project )ကို ထုတ်ဖော်ကြေညာပြီး စတင်ဆောင်ရွက်ခဲ့ရာမှာ ၂၀၂၁ ခုနှစ်မှာဆိုရင် နိုင်ငံပေါင်း ၁၇၁ နိုင်ငံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်နေပြီး ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၄၂ နိုင်ငံနဲ့ နားလည်မှုရယူဆောင်ရွက်နေပြီး ဖြစ်သလို အီရန်နိုင်ငံနဲ့ ဆက်သွယ်ဆောင်ရွက်မှုများကို ၂၀၁၁ ခုနှစ်ကတည်းက တည်ထောင်ထားပြီး ဖြစ်ပါတယ်။

### စီးပွားရေးကွန်ရက်အဖြစ်

တရုတ်-ဗြိတိန် စီးပွားရေးလမ်းကြောင်း (China-Britain route)ကို ၂၀၁၇ ခုနှစ်ကတည်းက စတင်ခဲ့ပြီးလည်း ဖြစ်သလို ၂၀၁၈ ခုနှစ်မှာ တရုတ်နိုင်ငံရှိ မြို့ကြီး ၄၈ မြို့နဲ့ ဥရောပ ၄၂ နိုင်ငံကို စီးပွားရေးကွန်ရက်အဖြစ် စတင်ချိတ်ဆက်ထားပြီးလည်း ဖြစ်ပါတယ်။ အလယ်အာရှမှာရှိတဲ့ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာကမေနစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံများနဲ့လည်း BRI ( Belt and Road Initiative) အစီအစဉ်အရ အခိုင်အမာချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ အမေရိကန်ပြည်ထောင်စုနဲ့ အနီးဆုံးဒေသဖြစ်တဲ့ တောင်အမေရိကတိုက်ကိုလည်း တရုတ်နိုင်ငံရဲ့ BRI ( Belt and Road Initiative )က ခြေချထားပြီးပါပြီ။ ပထမဆုံး သဘောတူစာချုပ်ချုပ်ဆိုခဲ့တဲ့ တောင်အမေရိကနိုင်ငံကတော့ ပနားမားနိုင်ငံဖြစ်ပြီး ဘိုလီဗီးယား၊ ကျူးဘား၊ ဒိုမီနီကန် သမ္မတနိုင်ငံ အပြင် တောင်အမေရိကနိုင်ငံ တော်တော်များများဟာ BRI ( Belt and Road Initiative)နဲ့ ချိတ်ဆက်ပြီးပါပြီ။ အာရှမှာတော့ မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ပါကစ္စတန်နဲ့ တခြားနိုင်ငံတော်တော်များများဟာ နားလည်မှုရယူထားပြီးဖြစ်နေကြပါပြီ။

### ခြေကုပ်ရယူထား

ဒါကြောင့် ၂၀၁၃ ခုနှစ်ကတည်းက ကျကျနနအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးအစီအစဉ်ကြီးဟာ အခုဆိုရင် ကမ္ဘာအနှံ့မှာ ကောင်းစွာ ခြေကုပ်ရယူထားပြီးဖြစ်သလို ဒီစီမံကိန်းရဲ့ မူဝါဒများကလည်း ယေဘုယျအားဖြင့် တစ်ကမ္ဘာလုံးအတူတကွ ကြွယ်ဝချမ်းသာရေးနဲ့ ငြိမ်းချမ်းသာယာဝပြောရေးကို အခြေခံထားပြီးတော့ အနောက်ကမ္ဘာက ပြီးခဲ့တဲ့ရာစုနှစ်အတွင်း ကြံစည်ဆောင်ရွက်ခဲ့သလို တစ်ကမ္ဘာလုံးကို ခေတ်သစ်ကိုလိုနီစနစ်နဲ့ လွှမ်းမိုးချုပ်ကိုင်ရေး အစီအစဉ်မျိုး မဟုတ်တာကြောင့် တရုတ်တို့က နှာတစ်ဖျား အသာစီးရနေပါတယ်။ ကိုဗစ်ကပ်ရောဂါ ကမ္ဘာအနှံ့ ပျံ့နှံ့လို့ တစ်ကမ္ဘာလုံး အကျပ်အတည်း ကြုံတွေ့နေကြတဲ့ ကာလမှာပင်လျှင် တရုတ်တို့ဟာ သူတို့ရဲ့ မဟာဗျူဟာမြောက် အနာဂတ်ဦးတည်ချက် ( Strategic Vision ) ဖြစ်တဲ့ BRI ( Belt and Road Initiative)ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင် အထည်ဖော်နေကြောင်း အထင်အရှားမြင်တွေ့ရပါတယ်။

တခြားသော အာရှတစ်လွှားက ပါဝါများကို လေ့လာသုံးသပ်ကြည့်လိုက်ရင်လည်း သိပ်ပြီးတော့ အင်အားနည်းလာတာမျိုး သိပ်မတွေ့ရပါဘူး။ အင်မတန်အင်အားကြီးမားပြီးတော့ အမေရိကန်ပြည်ထောင်စုကို အထူးသဖြင့် ပခုံးချင်းယှဉ်ရင်ဆိုင်ဖို့ အမြဲကြိုးစားနေတဲ့ ရုရှားနိုင်ငံဆိုရင် (၂၁) ရာစုထဲရောက်လာတဲ့အချိန်မှာ အမေရိကန်တို့ကို အရင်ကထက် ပိုမိုခြိမ်းခြောက်လာနိုင်တာ တွေ့ရသလို စီးပွားရေးအရလည်း တည်တည်ငြိမ်ငြိမ်ရှိနေတာ တွေ့ရပါတယ်။ နောက်တစ်ခါ များမကြာမီမှာ အရှိန်အဟုန် ပြင်းပြင်းနဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ခန့်မှန်းထားကြတဲ့ အိန္ဒိယနိုင်ငံဟာဆိုရင်လည်း တရုတ်နဲ့အပြိုင် စီးပွားရေးအရ တိုးတက်နေတာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ နည်းပညာအရာမှာ တော်တော်လေး အဆင့်မြင့်တဲ့ အနေအထားရှိနေပြီးတော့ နည်းပညာရာစုနှစ်ဖြစ်တဲ့ (၂၁) ရာစုမှာ တရုတ်ပြည်နဲ့ မတိမ်းမယိမ်းဖွံ့ဖြိုးလာဖို့ သေချာသလောက်ရှိနေပြီး အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအင်အားကို နှစ်နိုင်ငံစလုံးက များမကြာမီ သေချာပေါက် ကျော်လွှားမြင့်တက်သွားကြတော့မှာလည်းဖြစ်ပါတယ်။

အာရှတိုက်မှာ နဂိုက တိုးတက်ဖွံ့ဖြိုးပြီးသားဖြစ်တဲ့ အာရှကျား နိုင်ငံများ၊ တစ်ချိန်က ကမ္ဘာ့ဒုတိယအင်အားအကြီးမားဆုံးဖြစ်ခဲ့တဲ့ ဂျပန်နိုင်ငံအပြင် များမကြာမီဆယ်စုနှစ်များမှာ ဒေသတွင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်တော့မယ့် အင်ဒိုနီးရှားနိုင်ငံလည်း ရှိနေပါသေးတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နေတာဖြစ်ပြီး အာရှကျား နိုင်ငံအများအပြားပါဝင်နေတဲ့ အာဆီယံအဖွဲ့ကြီးရဲ့ စီးပွားရေးအင်အားနဲ့ ရှေ့အလားအလာကလည်း အလွန်ကောင်းမွန်တဲ့ အနေအထားမှာ အခိုင်အမာရပ်တည်နေတာဖြစ်ပါတယ်။ အထူးခြားဆုံး အချက်ကတော့ (၂၁) ရာစုမှာ အင်အားအကြီးမားဆုံးဖြစ်လာတော့မယ့် တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိနေတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ရုံမက မြန်မာနိုင်ငံနဲ့ အဲဒီနှစ်နိုင်ငံစလုံးကြားမှာလည်း ကောင်းမွန်တဲ့ဆက်ဆံရေးကို အခိုင်အမာတည်ဆောက်ထားပြီးသား ဖြစ်နေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ အာဆီယံနိုင်ငံများအားလုံးနဲ့ တစုတစည်းတည်းရှိနေပြီး အဲဒီနိုင်ငံများအားလုံးမှာရှိတဲ့ လူဦးရေဟာ ကမ္ဘာ့လူဦးရေတစ်ဝက်နီးပါးရှိပြီးတော့ မြန်မာ့စီးပွားရေးကို အားကောင်းမောင်းသန် ဖြစ်အောင် တွန်းတင်နိုင်ဖို့အတွက် ပထဝီနိုင်ငံရေးကပေးထားတဲ့ အဆမတန်ကြီးမားတဲ့ ဈေးကွက်ကြီးအဖြစ်လည်း အနီးကပ်ဆုံးမှာ ဝိုင်းရံတည်ရှိနေတာဖြစ်နေပြန်ပါတယ်။

### ကြိုးစားကြစေလို

မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကလည်း နဂိုကတည်းက နိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုရှိရေးနဲ့ ငြိမ်းချမ်းတည်ငြိမ်ရေးကို အခြေခံထားတာဖြစ်တာနဲ့အညီ အနာဂတ်ကမ္ဘာ့အင်အားများ စုစည်းတည်ရှိနေတဲ့ နိုင်ငံတစ်ခုအဖြစ် အရှေ့နဲ့ရော အနောက်နဲ့ပါ ကောင်းမွန်စွာ ကူးလူးဆက်ဆံနိုင်မယ်ဆိုရင်၊ နိုင်ငံတည်ငြိမ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ပြီးတော့ ထိရောက်တဲ့စီးပွားရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်ကျင့်သုံးနိုင်မယ်ဆိုရင် ကိုဗစ်ကပ်ရောဂါ ပြဿနာအလွန်ကာလ အာရှဒေသ ကြွယ်ဝချမ်းသာလာတော့မယ့် အခြေအနေသစ်ဟာ မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေးကြီးတစ်ရပ်အဖြစ် သေချာပေါက် ဖြစ်တည်လာနိုင်ပြီးတော့ မြန်မာနိုင်ငံသည်လည်း ဒေသတွင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းတဲ့ နိုင်ငံအဖြစ် သေချာပေါက်ရောက်ရှိနိုင်မှာမို့ နိုင်ငံသားများအားလုံးက စည်းလုံးညီညွတ်စွာနဲ့ အထူးနိုးကြားစွာ ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းနှိုးဆော်လိုရင်းဖြစ်ပါတယ်။ ။

ဓမ္မ ပုံပြင်

# အတတ်ပညာရှင်နှင့် စဉ်းစားဉာဏ်ရှိသူ

မင်းယုဝေ

**တစ်**ရံရောအခါ သူငယ်ချင်း လေးယောက်ရှိသည်။ သူတို့သည် တစ်ယောက်ကို တစ်ယောက် အထူးချစ်ခင်ကြသည်။ အမြဲလိုလိုပင် မကွဲမကွာ နေထိုင်ကြသည်။

သူတို့လေးယောက်တွင် ပထမ၊ ဒုတိယ၊ တတိယသူငယ်ချင်းတို့မှာ အတတ်ပညာရှင်များ ဖြစ်ကြသည်။ ထူးခြားသော အတတ်ပညာတို့ကို တတ်ကျွမ်းကြသည်။ စဉ်းစားဆင်ခြင်ဉာဏ်ကား မရှိပေ။ စတုတ္ထသူငယ်ချင်းမူ အခြားသူငယ်ချင်းများကဲ့သို့ အတတ်ပညာမတတ်။ သို့ရာတွင် စဉ်းစားဆင်ခြင်ဉာဏ်ကားရှိသည်။

တစ်နေ့တွင် သူငယ်ချင်းလေးယောက်သည် ဥစ္စာပစ္စည်းရှာဖွေရန် တိုင်ပင်ကြသည်။ ပထမသူငယ်ချင်းက...

"သူငယ်ချင်းတို့..... ကမ္ဘာအနှံ့ ငါတို့ လှည့်လည်သွားကြစို့၊ လမ်းခရီးတွင် ဘုရင်၊ မှူးမတ်၊ သူဌေး သူကြွယ် စသည်တို့ကို တွေ့လိမ့်မည်။ ငါတို့တတ်ထားသော အတတ်ပညာစွမ်းကိုပြပါက မုချ ရွှေငွေဥစ္စာရနိုင်သည်"ဟု ဆို၏။ သူ့အကြံကို အားလုံး နှစ်သက်ကြသည်။

သည်တွင် ပထမသူငယ်ချင်းက...

"ငါတို့သုံးယောက်မှာ အတတ်ပညာမျိုးစုံ တတ်ကျွမ်းကြသည်။ လမ်းခရီး၌ အစစအရာရာ အဆင်ပြေလိမ့်မည်၊ အောင်မြင်လိမ့်မည်။ သို့ရာတွင် အတတ်ပညာမတတ်သော သူငယ် ချင်းကား မလွယ်၊ အဆင်ပြေမည်မဟုတ်၊ အောင်မြင်မည်မဟုတ်၊ သူ့အတွက် ငါတို့ဝန်လေးနေတော့မည်" ဟု ဆို၏။

ဒုတိယသူငယ်ချင်းက........

"သူပါလာသည့်အတွက် ငါတို့မှာ အကျိုးမရှိရုံမက အကျိုးမဲ့ဖြစ်လိမ့်မည်။ သူ့ကိုမခေါ်ဘဲ အိမ်မှာ ပင်ထားခဲ့ရသော် မကောင်းပါလော" ဟု ဆို၏။

တတိယသူငယ်ချင်းက..

"သူ့ကို ငါတို့ အတူမခေါ်သော် အဆွေခင်ပွန်းကောင်း မပီသရာကျလိမ့်မည်။ အတတ်ပညာ သူမတတ်သော်လည်း မပစ်ပယ်သင့်၊ အေးအတူပူအမျှ သဘောထား၍ အတူခေါ်မှသင့်မည်" ဟု အကြံပေး၏။

နောက်ဆုံးတွင် ပထမ၊ ဒုတိယ၊ တတိယ သူငယ်ချင်း သုံးဦးသည် စတုတ္ထ သူငယ်ချင်းကိုခေါ်ကာ ခရီးထွက်ခဲ့ကြလေသည်။

မကြာမီ သူတို့သည် တောနက်ကြီးတစ်ခုသို့ ရောက်လာကြသည်။ ဖြတ်သန်းလာစဉ် တောလမ်းဘေးတစ်နေရာ၌ တိရစ္ဆာန်အရိုးများကိုတွေ့သည်။

ပထမသူငယ်ချင်းက...

"ငါတို့အဖို့ ပညာစွမ်းပြရန် အခွင့်အရေး စတင်ပေါ်လာပြီ။ သည်အရိုးတို့ကို အခြေတည်၍ တိရစ္ဆာန်သေဖြစ်ပေါ်လာအောင်၊ ထို့နောက် ထိုတိရစ္ဆာန်သေ အသက်ရှင်လာအောင် ငါတို့ ပညာဖြင့် အစွမ်းပြကြစို့" ဟူ၍ ဆိုသည်။

ထို့နောက် သူက... "အရိုးများ အစီအစဉ်တကျ ပြန်ဆက်အောင် ငါလုပ်ပြမည်" ဟူ၍ ဆိုသည်။

ဒုတိယသူငယ်ချင်းက

"သင်စီရင်ပြီး အရိုးများပေါ်သို့ အသွေး၊ အသား၊ အရေတို့ဖြစ်ပေါ်လာအောင် ငါက အစွမ်းပြမည်" ဟု ဆို၏။

တတိယသူငယ်ချင်းက...

"သည်အခါ တိရစ္ဆာန်အသေကောင်ကို အသက်ဝင်လာအောင် ငါစွမ်းဆောင်ပြမည်" ဟု ဆို၏။

သို့ဆိုတိုင်း ပထမသူငယ်ချင်းသည် အရိုးများ အစီအစဉ်မှန်စွာ နေရာတကျဆက်အောင် ပြုလိုက်သည်။ ဒုတိယသူငယ်ချင်းကလည်း ယင်းတို့ပေါ်သို့ အသွေး၊ အသား၊ အရေများ ဖြစ်ပေါ်လာအောင် ပြုပြန်သည်။ ထိုအခါ ခြင်္သေ့အသေကောင်ကြီးဖြစ်ပေါ်လာသည်။

တတိယသူငယ်ချင်းသည် အားကျမခံပင် ထိုခြင်္သေ့အသေကို အသက်သွင်းမည်ပြုသည်။


ထိုအခါ အတတ်ပညာမတတ်သော်လည်း စဉ်းစားဉာဏ်ရှိသူ စတုတ္ထသူငယ်ချင်းက ထိတ်လန့်တကြား တားမြစ်သည်။

"သူငယ်ချင်းတို့၊ ခြင်္သေ့သေကိုအသက်မသွင်းပါနှင့်။ ငါတို့အားလုံး ဘေးတွေ့ကြလိမ့်မည်"

သူ၏ စကားကို ကျန်သူငယ်ချင်းများက မနာယူကြပေ။ "သင်သည် အတတ်ပညာ ဘာမျှမတတ်။ မတတ်သလို ငြိမ်ဆိတ်နေပါ ဝင်မပါပါနှင့်" ဟူ၍ မောင်းမဲပြောဆိုသည်။

စတုတ္ထသူငယ်ချင်းသည် သူငယ်ချင်းများကို အစွမ်းကုန်တားမြစ်သည်။ နောက်ဆုံး တားမြစ်မရသဖြင့်..

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၃)၊ (၁၈-၁-၆၉)

"ခေတ္တဆိုင်းငံ့ပါဦး၊ ခြသေ့်ကို ငါကြောက်လှသည်။ သစ်ပင်ပေါ်တက်ပါရစေဦး၊ ငါသစ်ပင်ပေါ်ရောက်မှ သင်တို့ကြိုက်သလို အသက်သွင်းကြပါတော့"ဟုဆိုကာ သစ်ပင်တစ်ပင်ပေါ်သို့ ပြေးတက်နေလိုက်သည်။

ကျန်အတတ်ပညာရှင် သူငယ်ချင်းများက သူ့ကိုကြည့်ကာ ဝိုင်းဝန်းလှောင်ပြောင်ကြသည်။ ထို့နောက် တတိယသူငယ်ချင်းသည် သူ၏အတတ်ပညာဖြင့် ခြသေ့်သေကို အသက်သွင်းလိုက်သည်။

တစ်ခဏအတွင်းမှာပင် ခြသေ့်သေသည် အသက်ဝင်လာသည်။ ယင်းသည် အလွန်ကြီးမားလှသည်။ အသက်ဝင်လာသည်နှင့် တစ်ပြိုင်နက် ဟိန်းဟောက်ကာနေရာမှ ခုန်ထလိုက်သည်။ မိမိရှေ့ရှိ သူငယ်ချင်းသုံးယောက်ကို ကိုက်သတ်စားလိုက်လေသည်။

ထို့နောက် နေရာမှ ထွက်ခွာသွားသည်။ ထိုအခါ သစ်ပင်ပေါ်ရှိ စဉ်းစားဉာဏ်ရှိသော သူငယ်ချင်းသည် သစ်ပင်ပေါ်မှ လျင်မြန်စွာ ခုန်ဆင်းကာ နေအိမ်သို့ ပြန်ပြေးသည်။ စဉ်းစားဉာဏ်ရှိသဖြင့် အသက်ချမ်းသာရာ ရသွားလေသည်။

**ပဥ္စတန္တရမှ**

ဆရာမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ် စာအုပ်မှ ပုံပြင်ကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

# ရောင့်ရဲမှု

**ရလိုသေးသည်**

ကြယ်သေးကြယ်မွှား၊ ကြယ်စုံများနှင့်
ကြီးမားကြယ်ပြောင်၊
အကုန်ဆောင်သည့်
ထက်ဘောင်အာကာ၊ ငါပိုင်ပါလည်း။

**တောင်းလိုသေးသည်**

ကြွယ်ဌေးဥစ္စာ၊ မြတ်ချမ်းသာတို့
ဆုံးရာမရှိ၊ ဖြိုးမောက်ပြည့်၍
သက်ရှိကမ္ဘာ၊ ငါဆိုင်ပါလည်း။

**သို့လည်းရှိစေ**

သက်ဝေပျိုလှ၊ ငါပိုင်ကလျှင်
ချမ်းမြကြည်လင်၊ လွန်ပျော်ရွှင်၍
ပူပင်မနှောင့်၊ သေးသည့်ထောင့်ဝယ်
ရောင့်ရဲ၍သာ နေမည်တည်း။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှုဘဝ

# ဆယ်ကျော်သက်လူငယ်များ၏ ပတ်ဝန်းကျင်

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

**မိတ်ဆွေသူငယ်ချင်းများနှင့်မိဘများ**

ဆယ်ကျော်သက်များ၏ မိတ်ဆွေသူငယ်ချင်းများသည် မိဘများကို ဘဝင်မကျ သို့မဟုတ် စိုးရိမ်ပူပန်အောင် လုပ်တတ်သည်။ ထို့ပြင် သူငယ်ချင်းများနှင့် အချိန်ကုန်ချိန် များပြား၍ မိဘများသည် သားသမီးများအား မနာလို သို့မဟုတ် သူတို့ကိုလျစ်လျူရှုထားသည်ဟု မြင်တတ်လာကြသည်။ မိဘတော်တော်များများကမူ ထိုသူငယ်ချင်းများသည် သူတို့သား သို့မဟုတ် သမီးအပေါ် မကောင်းစေသော ဩဇာသက်ရောက်စေသည်။ ကြောင့်ကြမိတတ်စေသည်။ မိဘများကား ယင်းကိုပင် ရှုပ်နေပုံမပေါ်က်စေဘဲ ယင်းတို့ သားသမီးများနှင့် သူငယ်ချင်းများကို မျက်လုံးဒေါက်ထောက် ကြည့်နေနိုင်သော နည်းရှိသည်။

**၁။ အဆိုးဆုံးမယူဆပါနဲ့**

သင့်သားသမီး မိတ်ဆွေအပေါင်းအသင်းတို့၏ အသွင်သဏ္ဌာန်ပုံစံတို့ကြောင့် အဆိုးဆုံးဟုယတိပြတ်မယူဆပါနဲ့။ အထူးသဖြင့် သူတို့သွင်ပြင်သဏ္ဌာန်ပုံစံနှင့်ပတ်သက်၍ ပုတ်ခတ်စကားမဆိုပါနဲ့။ ထိုသို့ဆိုခဲ့လျှင် သားသမီးက သူ့သူငယ်ချင်းများနှင့် သင့်ကို မနီးစပ်စေရန် ကြိုးစားပေမည်။

**၂။ မိတ်ဆွေသူငယ်ချင်းများကို အိမ်တွင် ဖော်ဖော်ရွေရွေ နွေးနွေးထွေးထွေးကြိုဆိုပါ**

သင့်သားသမီးများ၏ သူငယ်ချင်းများနှင့် ပုံမှန်တွေ့ဆုံနေလျှင် မိဘများက ပို၍သတိရှိနိုင်ကြောင်း တပ်အပ်သိနေပါစေ။ သူတို့၏ သူငယ်ချင်းများကို စိတ်ဝင်စားမှုပြုပါ။ သူတို့နှင့် စကားပြောဆိုပါ။ သူတို့အကြောင်းစူးစမ်းပါ။ ဤသို့ဖြင့် သင့်ဆယ်ကျော်သက်ကို သင့်မျက်လုံးဒေါက်ထောက်ကြည့်ခွင့်ရသည့်အပြင် မိဘနှင့် သူငယ်ချင်းများ ကမ္ဘာခြားနေသည်ဟု မထင်စေအောင်ဖြစ်မည်။

သူတို့ကို လွတ်လပ်မှု အနည်းငယ်ပေးပါ။ ဆယ်ကျော်သက်နှင့် သူတို့သူငယ်ချင်းတို့သည် အတင်းအဖျင်းပြောဆိုအချိန်ဖြုန်းတတ်ကြသည်။ တစ်ညနေလုံး အိပ်ခန်းထဲထိုင်ခြင်းသည် မိဘများ၏ အမြင်တွင်အချိန်ဖြုန်းခြင်းဖြစ်မည်ဖြစ်သော်လည်း ဆယ်ကျော်သက်များအတွက် အလွန်အရေးကြီးသည်။ သူတို့အတူတူနေနေရသည်ကို ပျော်နေပါလျှင် သူတို့ကို တစ်ခုခုလုပ်ကြပါရန် မတိုက်တွန်းပါနှင့်။

သို့တိုင်အောင် သင့်သားသမီး အပေါင်းအသင်းမှားနေသည်ဟုယူဆလျှင် အောက်ပါအချက်များကို သင်ဆောင်ရွက်နိုင်ပါသည်။ ။

၁။ ထိုအကြောင်းကို တည်ငြိမ်အေးဆေးစွာ သူတို့ကိုပြောဆိုပါ။ သူတို့၏မိတ်ဆွေများကို ပုတ်ခတ်လှောင်ပြောင်မှု မပြုပါနှင့်။ သူတို့မိတ်ဆွေများနှင့် နေရသဖြင့် ပျော်နေသည်ကို နားလည်ရန်ကြိုးစားပါ။

၂။ သူတို့သူငယ်ချင်းများနှင့် ဘာလုပ်သည်ကို မေးမြန်းပါ။ သူတို့အန္တရာယ်ရှိသည် သို့မဟုတ် တရားမဝင်သည့်ကိစ္စများ လုပ်ပါသလား။ မလုပ်ချင်သည်ကို လုပ်ရသည့်အနေများရှိသလား။ မလုပ်ရအောင်ငြင်းပယ်နည်း ပြောဆိုတတ်ရန်လိုသလား။

၃။ သူတို့အတွက် စိုးရိမ်ပူပန်၍ မေးမြန်းနေကြောင်း အလေးအနက် ဖောင်းပေးပြောပါ။

မိတ်ဆွေနှင့်ပတ်သက်၍ ပြဿနာ၊ သို့မဟုတ် ပူပန်စိုးရိမ်မှုများရှိလျှင် ပြောဆိုနိုင်ကြောင်း သင့်ဆယ်ကျော်သက် သားသမီးများသိပါစေ။ ပြဿနာဖြစ်လာလျှင် အားကိုးစရာ သင်ရှိကြောင်း သင့်သားသမီးများသိပါစေ။

သင့်သား သို့မဟုတ် သမီးအတွက် စိုးရိမ်ပူပန်မှု မှန်ကန်ပုံပေါက်သည့် ကာလရှိပေမည်။ ယင်းတို့တွင် အကျုံးဝင်သည့် ကာလများက အောက်ပါအတိုင်းဖြစ်သည်။

- မြီးကောင်ပေါက်ဝင်ခါစအရွယ်တွင် မိတ်ဆွေအပေါင်းအသင်း တစ်ဦးတစ်ယောက်မျှ ရှိပုံမပေါက်သော ကလေး။
- ရုတ်တရက် သူငယ်ချင်းများကို စိတ်ဝင်စားမှု ကင်းသွားပုံ၊ သို့မဟုတ် တစ်ကိုယ်တည်းသာ နေချင်တော့ပုံရသော ကလေး။
- မိတ်ဆွေများနှင့် သူ၊ သူမတို့၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လျှို့လျှို့ဝှက်ဝှက်ရှိသော ကလေး။

ဤကိစ္စများအားလုံးတွင် တဲ့တိုးရှင်းရှင်းလင်းလင်း အဖြေရှိကောင်းရှိပေမည်။ သင့်ဆယ်ကျော်သက်သည် မိတ်ဆွေအပေါင်းအသင်းအုပ်စုနှင့် စကားများပြီး အစေးမကပ်ဖြစ်သွားနိုင်သည်။ သို့မဟုတ် သူ့မိတ်ဆွေတချို့ကို မိဘများမကြိုက်နှစ်သက်မည်ကို ကြောင့်ကြသည်လည်းရှိနိုင်သည်။ အနိုင်ကျင့်မှု သို့မဟုတ် မူးယစ်ဆေးဝါးနှင့် ပတ်သက်မှုကဲ့သို့သော အကြောင်းတရားများလည်းရှိနိုင်သည်။ သင့်စိုးရိမ်ကြောင့်ကြမှုအကြောင်း သင့်ဆယ်ကျော်သက်၏ ကျောင်းတွင် ဆွေးနွေးပြောဆိုလိုကောင်းလိုပေမည်။ သို့မဟုတ် ပညာရှင်အဖွဲ့အစည်းများထံမှ အကြံဉာဏ်လိုကောင်းလိုပေမည်။

**Ref: Teenagers in the family**
**by Debi Roker & John Coleman**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံးစရာ

# သူပြောတဲ့စကား နားမလည်သေးလို့ပါ

ညွှ်သည်။ မင်းရဲ့ညီလေးနာမည် ဘယ်လိုခေါ်သလဲ။

ဂျိန်းစ်။ ခုထက်ထိတော့ မသိရသေးဘူး၊ သူပြောတဲ့စကားတစ်လုံးမျှ ကျွန်တော်တို့ နားမလည်သေးဘူးဗျ။

**မာတင်ဖဲ**


# "ပျော့ရွာဦးငွေး လှတောကေစီ ဥကပ်ပါးနကျယ်"

မောင်အောင်

"ဒီမှာ ဘကြီး ခင်ဗျား ပဲတီစိမ်းခင်းက တယ်ပြီးကောင်းပါလား။ ဂျီအေပီစနစ်နဲ့ စိုက်လို့ ဒီလောက်ကောင်းတာလား"

**GAP စနစ်ဖြင့် စိုက်ပျိုး**

မြင်းမူနှင့် စစ်ကိုင်းလမ်းဘေးတွင် စိုက်ပျိုးရေးဦးစီးဌာန၏ "GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်း ပိုင်ရှင် ဦးငွေး(ပျော့ရွာ) စိုက်ဧကသုံးဧက" ဟူသော ဆိုင်းဘုတ်ဘေးတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ အသင့်စောင့်နေကြသည်။ သူတို့က သူတို့၏ ဆောင်ရွက်မှုအခြေအနေအား ကျွန်တော့်ကိုရှင်းပြရန် အသင့်ရှိနေကြသည်။ ကျွန်တော်က သူတို့ကိုလက်ကာပြလိုက်ပြီး သူတို့နှင့်အတူ ရှိနေသည့် တောင်သူများထဲမှ စိုက်ခင်းပိုင်ရှင်ဖြစ်ဟန်တူသည့် တောင်သူကြီးအား မေးလိုက်ခြင်းဖြစ်သည်။




"ဂျီအေပီတွေ ဘာတွေတော့ ကျုပ်မသိဘူး၊ ဒီအခင်းစိုက်ဖို့တော့ ကောင်းကောင်းထယ်ထိုး ထွန်မွှေရတယ်။ ပြီးတော့ ကြောင်းဆွဲပြီး နွားချေး၊ သစ်ရွက်ဆွေး၊ သဘာဝမြေသြဇာထည့်၊ ပြီးတော့မှ ပဲတီစိမ်းမျိုးသန့်သန့်ကို အတန်းလိုက်စိုက်တာပဲ။ ဒီကြားထဲ ရေတစ်ခါ၊ နှစ်ခါပေးတယ်။ ပြီးတော့ နကျယ်ကတ်ဆိုလား ဘာလား ဒီဥကတ်လေးတွေကို ဒီဆရာမလေးတွေယူလာပြီး အပင်တွေမှာ ကြိုးကြား ကြိုးကြား ချည်ပေးတယ်။ အဲ..အခုချိန်ကျတော့ ဆရာကြီးမြင်တဲ့အတိုင်း အသီးတွေက ဖြိုင်ဖြိုင်သီးတော့တာပဲ"။

ဦးငွေးက သူ့ဆောင်ရွက်ချက်ကို ရှင်းပြသည်။ ခေါင်းတွင် ပေါင်းထားသည့် တဘက်အောက်မှ ချွေးများ စီးကျနေသည်။ သို့သော်လည်း သူမျက်နှာက ပြုံးနေသည်။ ကွမ်းစား၍ ချိုးတက်နေသည့် ပါးစပ်က သူ့အပြုံးကို ဖော်ပြနေသည်။

"ဒါဆို ဘကြီး ဘယ်နှတင်းလောက် ထွက်မယ်ထင်သလဲ။ ၁၂ တင်း၊ ၁၃ တင်းလောက် ထွက်မလား"။

ကျွန်တော်တို့အဖွဲ့နှင့်အတူ ပါလာသည့် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မေးလိုက်ခြင်း ဖြစ်သည်။

"တစ်ခါတော့ ခူးပြီးပြီ။ ဒီတစ်ခါ ခူးရင် တစ်ဧကကို ၁၅ တင်းလောက်တော့ ထွက်မယ်ထင်တာပဲ။"

ဦးငွေးက အခင်းကိုကြည့်၍ ခန့်မှန်းပြောလိုက်ခြင်းဖြစ်သည်။

"ပဲတီစိမ်းက အခုဘယ်ဈေးရှိသလဲ"

"၄၇ လောက်တော့ ရမယ်ထင်တယ်"

ငွေကျပ် လေးသောင်းခုနစ်ထောင်ကို ဆိုလိုခြင်းဖြစ်သည်။

"အဲဒါဆိုရင် တစ်ဧကကို ခြောက်သိန်းခွဲ ခုနစ်သိန်းလောက်တော့ ရမှာပေါ့။ အဲဒီတော့ ပဲစိုက်တာက စပါးစိုက်တာထက် ပိုပြီးရတာပေါ့"

ကျွန်တော်က ကြားဖြတ်ပြီး မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

"ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီးရယ်။ ကျွန်တော်တို့ နယ်တွေမှာက ဒီနှစ်က မိုးကနည်းတယ်။ စပါးက ပဲတီစိမ်းထက် ရေပိုပြီးလိုတယ်။ အဲဒါကြောင့် ကျုပ်တို့က စပါးအပြီးမှာ ဒီပဲတီစိမ်းလေး စိုက်လိုက်တာ။ ကိုဗစ်ကြောင့် တောင်မသွားရ၊ မြောက်မသွားရဆိုတော့ ကျုပ်တို့တောသူတောင်သားတွေကတော့ ကြိုက်တာပေါ့ဗျာ။ ကိုယ့်ယာကိုယ်လုပ်ပြီး နေတော့ ပိုက်ဆံလည်းရ ရောဂါလည်း ကင်းပေါ့။"

"ဘကြီး ကျွန်မတို့ ဥကပ်ပါးနကျယ်နဲ့ စပါးခွံပေါင်းခံရည်သုံးလို့ ပဲတီစိမ်း ပိုပြီး ထွက်တဲ့အကြောင်း ပြောပြဦးလေ"

စိုက်ပျိုးရေးဌာန ဝန်ထမ်းအမျိုးသမီး တစ်ဦးက ဝင်ရောက်သတိပေးလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ်ဗျ။ ဒီကလေးမတွေ ပြောတဲ့ နကျယ်ကတ်တွေ၊ အဲဒါလေးတွေ အပင်မှာ လိုက်ပြီး ချည်ရတယ်။ အဲဒါတွေလည်း ချည်ထားရော အရင်လို ပိုးမကျတော့ဘူးဗျ။ အဲဒါကြောင့် အသီးထွက် ပိုတယ်လို့ ထင်တာပဲ။ နောက်ပြီး ရေသန့်ဘူးနဲ့ သူတို့ယူလာတဲ့ အားဆေးရည်ကိုလည်း သုံးရတယ်ဗျ။ စပါးခွံကနေ ပေါင်းခံတယ် ပြောတာပဲ။ အဲဒီ အားဆေးရည်ကလည်း အစွမ်းထက်သဗျ။ အပင်တွေ အားရှိတဲ့အပြင် ဖျက်ပိုးတွေလည်း လာတာမတွေ့ရတော့ဘူး။ ကျုပ်ကတော့ ပဲခင်းက အထွက်ကောင်းတာကြောင့် ဒီပဲတွေမြန်မြန်ဆွတ်၊ မြန်မြန်ရောင်းပြီး၊ မြန်မြန်ထယ်ပြန်ထိုး၊ နောက်တစ်ကြိမ်တောင် ပြန်ပြီးစိုက်ချင်သဗျ"

**စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ**

ပျော့ရွာမှ ဦးငွေးက အားပါးတရ ပြောကြားနေသံက ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ မျက်နှာကို အပြုံးပန်းများ ဆင်မြန်းစေပါသည်။ ကျွန်တော့်ဝန်ထမ်းများနှင့် ကျွန်တော်၊ အသက်ရှစ်ဆယ်ကျော် တောင်သူဦးကြီး၏ အားတက်ရွှင်လန်း အပြုံးပန်းများကိုကြည့်၍ ကြည်နူးနှစ်သက်နေမိသည်။

မြင်းမူမှ စစ်ကိုင်းသို့ အပြန်လမ်းတစ်လျှောက် ကားပေါ်တွင်ထိုင်ရင်း ကျွန်တော်တို့ ထွက်လာခဲ့သည့်ခရီးစဉ်ကို ပြန်ပြီးဆင်ခြင်နေမိသည်။ ကျွန်တော်တို့ စနေနေ့က နေပြည်တော်မှ ထွက်လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ စစ်ကိုင်းတွင် ရေဝတီမြစ်ကြီးထဲသို့ ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့သည်။ ကျွန်တော်တို့ စိုက်ထည့်ပေးခဲ့သည့် ငါးမြစ်ချင်း တစ်သိန်း၊ ငါးခုံးမကြီး ငါးသောင်းနှင့် ရွှေဝါငါးကြင်း ငါးသောင်းသည် နောက်သုံး၊ လေးလတွင် ကျွန်တော်တို့ ပြည်သူများအတွက် ငါးဟင်း တစ်ခွက် ရပေတော့မည်။

ငါးသားပေါက် မျိုးစိုက်ထည့်ပြီး သမဝါယမတက္ကသိုလ် (စစ်ကိုင်း) သို့ ရောက်ရှိခဲ့သည်။ ပါမောက္ခချုပ် ဆရာမကြီးက စစ်ကိုင်းသမဝါယမတက္ကသိုလ်မှ စာရင်းအင်းပညာရှင်များ၊ လုပ်ငန်းခွင် စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနေမှုကို အားပါးတရ ရှင်းပြသည်။ ပါမောက္ခချုပ် ဆရာမကြီး၏ ရှင်းလင်းပြမှုများက တိုင်းပြည်အတွက် အားတက်ခဲ့ရပါသည်။

စစ်ကိုင်း သမဝါယမတက္ကသိုလ်က ထွက်တော့ အောင်သာကျေးရွာရှိ စနက်စ် မန္တလေးကုမ္ပဏီလီမိတက်သို့ ရောက်သည်။ ငရုတ်၊ ချင်း၊ နနွင်းနှင့် ကြက်သွန် အစရှိသည့် မီးဖိုချောင်သုံး သီးနှံအမျိုးမျိုးကို နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစက်ဖြင့် အခြောက်ခံ၊ အမှုန့်ပြုလုပ်ပြီး အဆင့်မြင့်ထုပ်ပိုးနည်းစနစ်ဖြင့် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်သည်။ နိုင်ငံတကာအသိအမှတ်ပြု အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ မြန်မာနိုင်ငံ အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့၏ ထောက်ခံချက်လက်မှတ်များ ရရှိထားသည့် ကုမ္ပဏီဖြစ်သည်။ ထုတ်လုပ်သည့် ထွက်ကုန်များ အဆင့်မြင့်သည့်အပြင် တောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်သည့် စားဖိုဆောင်သုံး သီးနှံများကို တန်ဖိုးမြင့် (Value added) ထုတ်လုပ်ခြင်းဖြစ်သဖြင့် အားပေးဂုဏ်ပြုစရာပင်။

**လူငယ်များအတွက် စဉ်းစားစရာ**

အောင်သာကျေးရွာ စနက်စ် မန္တလေးကုမ္ပဏီမှ ဆက်လက်ထွက်ခွာခဲ့ပြီး စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာရှိ မိုးပျံနဂါးကုမ္ပဏီ၏ မွေးမြူရေးခြံသို့ ရောက်ရှိခဲ့သည်။ ဒေသနွား၊ ဆိတ်၊ ဝက်နှင့် ဒေသကြက်များကို မွေးမြူထားခြင်း ဖြစ်သည်။ အသားစားကြက်များ ခေတ်စားနေသည့်အချိန်တွင် ဒေသကြက်မွေးမြူသည့် ကုမ္ပဏီပိုင်ရှင် ပညာတတ်လူငယ်၏ ထွင်းဖောက်သည့် အကြံကလည်း လေးစားစရာပါ။ "ကျွန်တော့် ဒေသကြက်က သဘာဝအစာစားတယ်။ ရှန်းကန်ပြီး အစာကိုယက်ပြီး ရှာဖွေစားရတယ်။ ဓာတုဆေးဝါးအစာကင်းတယ်။ အော်ဂဲနစ်ဖြစ်တယ်။ ကြက်ဥသေးပေမယ့် အာဟာရ ပြည့်ဝတယ်။ အားရှိတယ်။ ကျွန်တော့် ကြက်ဥဘုတ်ကင်တွေ ထပ်နေပြီး ရောင်းလို့ မလောက်ဘူး" ဟူသော သူ့စကားများက နိုင်ငံခြားသွားမှ၊ ထိုင်းတို့၊ မလေးရှားတို့သွားမှ ပိုက်ဆံရမည်ဟု ယုံကြည်နေကြသည့် ကျွန်တော်တို့နိုင်ငံမှ လူငယ်များအတွက် အလေးထားစဉ်းစားစရာပါ။

မိုးပျံနဂါးမှ ခရီးဆက်တော့ ဝက်လက်မြို့နယ် လှတောကေစီ(KC) နကျယ်မွေးမြူရေး ဓာတ်ခွဲခန်းကို ရောက်ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန ဖွင့်လှစ်ထားခြင်းဖြစ်သည်။ နေပြည်တော်မှ ထွက်မလာခင် ခရီးစဉ်ဆွဲတုန်းက "လှတော" ဆိုသည့် နာမည်ကြားကတည်းက လှတောသားများ စကားကြွယ်လှသည်ကို စဉ်းစားမိသည်။ ယခုလည်း. . .

"ကျွန်မတို့ လှတောကေစီက ဥကပ်ပါးနကျယ်တွေ မွေးမြူထုတ်လုပ်ပြီး တောင်သူတွေရဲ့ သီးနှံတွေမှာ တွယ်ကပ်တဲ့ ဖျက်ပိုးတွေကာကွယ်ပေးတာပါ။ သီးနှံဖျက်ပိုး ကာကွယ်ရေးအတွက် ပိုးသတ်ဆေးမသုံးဘဲ ကပ်ပါးနကျယ်ကို သုံးတာကြောင့် တောင်သူဦးကြီးတွေ ငွေကုန်ကြေးကျ သက်သာတဲ့အပြင် ပိုးသတ်ဆေးကြောင့် ဖြစ်ပေါ်စေတဲ့ ဥပဒ်အန္တရာယ်တွေကလည်း ကာကွယ်ရာ ရောက်ပါတယ်။"

စာမျက်နှာ ၂၃ သို့

**လက်ရှိ ဥကပ်ပါးနကျယ် မွေးမြူတဲ့စခန်းနှစ်ခုရှိပါတယ်။ ဒီလှတောစခန်းက အဆောက်အအုံက နဂိုစိုက်ပျိုးရေးဂိုဒေါင်ကို ပြုပြင်ပြီးသုံးထားတာပါ။ အရေးကြီးတာက ဥကပ်ပါးနကျယ် မွေးမြူတဲ့စခန်းက အအေးခန်းဖြစ်ဖို့လိုတာပါ။ ဒီလှတောဓာတ်ခွဲခန်းမှာက ဆန်ထွေးပိုးဥဗန်း ၄၀၀ ရှိပြီး နကျယ်ကတ်ပေါင်း ၄၈၀၀၀ ထုတ်လုပ်နိုင်ပါတယ်။ သီးနှံတစ်ရာသီမှာ ဥကပ်ပါးနကျယ်ကတ် သုံးကြိမ်လွှတ်ရပြီး တစ်ဧက တစ်ကြိမ်ကို အကြိမ် ၄၀ လွှတ်ရတဲ့အတွက် စိုက်ခင်းဧက ၄၀၀ အတွက် လုံလောက်ပါတယ်။ ရွှေဘိုမြို့မဓာတ်ခွဲခန်းကတော့ ဆန်ထွေးပိုးဥဗန်း ၂၀၀ ပဲ မွေးမြူနိုင်တာကြောင့် သီးနှံဧက ၂၀၀ ပဲ လုံလောက်ပါတယ်။ လှတောဓာတ်ခွဲခန်းရော ရွှေဘိုမြို့မပါပေါင်းရင် ဧက ၆၀၀ အတွက် လုံလောက်။**

■ စာမျက်နှာ ၂၂ မှ

လှတောကေစီမှ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဒုတိယဦးစီးမှူး အမျိုးသမီးဝန်ထမ်းငယ်မှ ရှင်းပြနေခြင်း ဖြစ်သည်။ ငယ်ရွယ်သော်လည်း သွက်လက်သည်။ ဖျတ်လတ်သည်။ သူ့ပညာရပ်အပေါ်တွင် ပိုင်နိုင်သည်။ ယုံကြည်ချက်အပြည့်ဖြင့် ရှင်းပြနေသည့် ၎င်း၏ရှင်းပြပုံက အားရစရာပင်။

"ကေစီဆိုတာက"

ကျွန်တော်တို့အဖွဲ့ထဲမှ တစ်ယောက်က ကြားဖြတ်မေးလိုက်ခြင်းဖြစ်သည်။

"ကေစီဆိုတာ နောလိတ်စင်တာ (Knowledge Center) ပါ။ မြန်မာလိုဆိုရင်တော့ စိုက်ပျိုးရေး ပညာပေးစခန်းပါ။ မြန်မာလိုပြောရရင် ရှည်လို့ ဒီတောင်သူတွေပါ ကေစီဆိုတာကို နှုတ်ကျိုးနေပါပြီ"

**တောင်သူအကျိုးပြု မိတ်ဆွေပိုး**

"ဥကပ်ပါးနကျယ်ဆိုတာက သဘာဝအလျောက်ရှိတဲ့ နကျယ်မဟုတ်ဘဲ ဇီဝနည်းကို အသုံးပြုပြီး ဖျက်ပိုးဥမြုတွေကို ကပ်ပါးလုပ်ပြီး သီးနှံစိုက်ခင်းတွေမှာ ပိုးမွှားကျရောက်မှုကို ကာကွယ်နှိမ်နင်းပေးနိုင်တဲ့ တောင်သူအကျိုးပြု မိတ်ဆွေပိုး ဖြစ်ပါတယ်။ သူရဲ့အမျိုးက ထရိုင်ကို ဂရမ်မာ (TRICHOGRAMMA) လို့ခေါ်တဲ့ ဥကပ်ပါးနကျယ်ကောင်ပဲ ဖြစ်ပါတယ်"

"ဒီ ဥကပ်ပါးနကျယ်ကို ဆန်ထွေး ဖန်းတွေမှာ ပိုးဥမွေးမြူရပါတယ်။ အဲဒီ ဆန်ထွေးပိုးဥလေးတွေကို သေတ္တာနဲ့ စုဆောင်းထားရပါတယ်။ အဲဒီ ပိုးဖလံလေးတွေကို ဥကပ်ပါးနကျယ် သိုလှောင်ကိရိယာမှာ ဖွဲနု (ဆန်ထွေးပိုးစာ)ကျွေးပြီး မွေးမြူထားပြီး နောက်ပိုင်းမှာ သန့်စင်ကိရိယာနှင့် သန့်စင်ရပါတယ်။ အဲဒီ သန့်စင်ပြီး ဆန်ထွေးပိုးဥကတ်တွေကို ကပ်ပါးနကျယ်တွေနဲ့ ပြုလုပ်ရပါတယ်။ ကပ်ပါးပြုလုပ်တယ်ဆိုတာ တွယ်ကပ်စေတာပါ။ အဲဒီလို ကပ်ပါးနကျယ်ဥကတ်မှာ ပြင်ဆင်ပြီးတော့ ကွင်းထဲလွှတ်ဖို့ အသင့်ဖြစ်နေပါပြီ။ ကွင်းထဲ လွှတ်တယ်ဆိုတာကလည်း စပါးပင်တို့၊ ပဲတီစိမ်းပင်တို့မှာ သွားပြီး ချည်ထားလိုက်တာပါ။ အပင်ကို အန္တရာယ်ဖြစ်စေတဲ့ ဖျက်ပိုးတွေ၊ ဆစ်ပိုးတွေ၊ ငါးမြှောင်တောင်ပိုးတွေကို အဲဒီ ကပ်ပါးပိုးနကျယ်က တွယ်ကပ်ပြီး ဖျက်ဆီးပစ်ခြင်းဖြင့် အပင်ကို အကာအကွယ်ပေးတာပါ။

"ဥကပ်ပါး နကျယ်အမတစ်ကောင်ဟာ ဖျက်ပိုး ၁၀ ခုခန့်ကို ကပ်ပါးပြုနိုင်ပါတယ်။ အခုလို ကပ်ပါးပိုးနကျယ်ကို အသုံးပြုခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ကျစေနိုင်ပြီး ပိုးသတ်ဆေးကြောင့် တောင်သူတွေရဲ့ ကျန်းမာရေးထိခိုက်မှုကို လျှော့ကျစေနိုင်ပါတယ်။ ဒါ့အပြင် သီးနှံတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ ကင်းဝေးစေပါတယ်။ နောက်ပြီး သီးနှံစိုက်ခင်းထဲရှိ မြွေ၊ ကြွက် စတဲ့ သက်ရှိသတ္တဝါတွေ ပိုးသတ်ဆေး အန္တရာယ်က ကင်းဝေးစေတဲ့အပြင် မြေထု၊ ရေထု၊ လေထုကိုလည်း အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ ဒါ့အပြင် ဒီဥကပ်ပါးနကျယ်ကို ရေရှည်အသုံးပြုခြင်းဖြင့် လိပ်ပြာဖလံမျိုးရင်းဝင် ဖျက်ပိုးတွေကို ရေရှည်နှိမ်နင်းနိုင်တဲ့အတွက် ကုန်ကျစရိတ်သက်သာပြီး လုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေကို ထုတ်လုပ်ပေးနိုင်ပါတယ်။"



ဥကပ်ပါးနကျယ် ဓာတ်ခွဲခန်းအတွင်း လေ့လာကြည့်ရှုနေစဉ်။

စိုက်ပျိုးရေးဦးစီးဌာန လှတောစခန်း တာဝန်ခံက အားရပါးရ ရှင်းပြနေပါသည်။

"ကဲ...သမီးတို့ ဥကပ်ပါးနကျယ်ကို ရွာတွေ၊ စိုက်ခင်းတွေမှာရော စမ်းပြီး သုံးပြီးပြီလား။ တောင်သူတွေကရော လက်ခံရဲ့လား"

"ကျွန်မတို့ ပြီးခဲ့တဲ့နှစ် မိုးစပါးရာသီမှာ ရွာသာကြီးကျေးရွာက ဦးတင့်လွင်ရဲ့ စပါးစိုက်ခင်း၊ ကျီကန်ကျေးရွာက ဦးမြင့်သိန်းရဲ့ စပါးခင်း၊ ရွာကုန်းက ဦးတင်ဆောင်ရဲ့ စပါးခင်းနဲ့ လိန်ပင်ကျေးရွာက ဦးညာဏ်ချိုရဲ့ စပါးခင်းတွေမှာ ငါးကေစီနဲ့ ဧက ၂၀ မှာ စမ်းသပ်အသုံးပြုခဲ့ပါတယ်။ ဖျက်ပိုးတွေကို နှိမ်နင်းနိုင်တာကြောင့် စပါးအထွက်တိုးခဲ့ပါတယ်။ အဲဒါကြောင့် အဲဒီတောင်သူကြီးတွေက ဒီနှစ်လည်း ထပ်ပြီးသုံးချင်လို့ အခုကတည်းက ကြိုပြီးတောင် မှာထားပါတယ်။"

"အေး...တောင်သူတွေက သဘောကျလက်ခံတာတော့ ဟုတ်ပါပြီ။ သမီးတို့ ဥကပ်ပါးနကျယ်မွေးမြူတာရော အဆင်ပြေသလား။ လက်ရှိရော သမီးတို့စခန်းက ဥကပ်ပါးနကျယ်ကတ် ဘယ်လောက်မွေးမြူထုတ်လုပ်နိုင်သလဲ"

ကျွန်တော်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးလို၍ မေးခြင်းဖြစ်ပါသည်။

"သမီးတို့ လက်ရှိ ဥကပ်ပါးနကျယ် မွေးမြူတဲ့ စခန်းနှစ်ခုရှိပါတယ်။ ဒီလှတောစခန်းက အဆောက်အအုံက နဂိုစိုက်ပျိုးရေးဂိုဒေါင်ကို ပြုပြင်ပြီး သုံးထားတာပါ။ အရေးကြီးတာက ဥကပ်ပါးနကျယ် မွေးမြူတဲ့စခန်းက အအေးခန်းဖြစ်ဖို့လိုတာပါ။ ဒီလှတော ဓာတ်ခွဲခန်းမှာက ဆန်ထွေးပိုးဥဗန်း ၄၀၀ ရှိပြီး နကျယ်ကတ်ပေါင်း ၄၈၀၀၀ ထုတ်လုပ်နိုင်ပါတယ်။ သီးနှံတစ်ရာသီမှာ ဥကပ်ပါး နကျယ်ကတ် သုံးကြိမ်လွှတ်ရပြီး တစ်ဧက တစ်ကြိမ်ကို အကြိမ် ၄၀ လွှတ်ရတဲ့အတွက် စိုက်ခင်းဧက ၄၀၀ အတွက် လုံလောက်ပါတယ်။ ရွှေဘိုမြို့မ ဓာတ်ခွဲခန်းကတော့ ဆန်ထွေးပိုးဥဗန်း ၂၀၀ ပဲ မွေးမြူနိုင်တာကြောင့် သီးနှံဧက ၂၀၀ ပဲလုံလောက်ပါတယ်။ လှတောဓာတ်ခွဲခန်းရော ရွှေဘိုမြို့မပါပေါင်းရင် ဧက ၆၀၀ အတွက်တော့ လုံလောက်ပါတယ်"။

"အေးအဲဒါဆိုရင် ဥကပ်ပါးနကျယ်သုံးချင်တဲ့ တောင်သူတွေ လုံလောက်သွားပြီလား။ ထပ်ပြီးတိုးဖို့ လိုသေးလား။ လိုချင်တဲ့ တောင်သူတွေရော ရှိသလား"

"ရှိတာပေါ့ အဘရယ်။ ကျွန်မတို့က အဆောက်အအုံ မလုံလောက်လို့ မထုတ်ပေးနိုင်တာပါ ဆိုတာကြောင့် တောင်သူတွေက ပိုက်ဆံစုပြီး ပိုးနကျယ်ဥမွေးဖို့ အဆောက်အအုံဆောက်ပြီး လှူထားပါတယ်။ အလျား ပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေ ရှိပါတယ်။ အဘကို လိုက်ပြပါမယ်။"

**ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်**

စိုက်ပျိုးရေးဝန်ထမ်း အမျိုးသမီးငယ်၏ စကားများက ကျွန်တော်တို့ရင်ကိုအေးမြလှစေသည်။ ပြည်သူနှင့် အစိုးရ၊ အစိုးရနှင့်ပြည်သူ ညီတူသော စိတ်ထားများဖြင့်သာ ယခုကဲ့သို့ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြလျှင်. . .

ကျွန်တော်တို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်မည်မှာ မလွဲကေန်ပါ. . .

လှတောရွာမှ သမီးငယ်၏ စကားများက ကျွန်တော်တို့တိုင်းပြည် တိုးတက်ရေးအတွက် အားဆေးတစ်လက်ပါ။ ။

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၀**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၅၂၇၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၄၀၄၁ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။



၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၁၇၃၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၁၀၁ ဦး စုစုပေါင်း ၁၇၈၄၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၅၉၄၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၅၆၈ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၄၅၁၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ရပ်ရွာတည် ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးတို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်

စာအုပ်စာပေ လူ့မိတ်ဆွေ

✪ ကျောဖုံးမှ

လုပစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲစေဖို့ကို မြေထိန်းနံရံအတွက် Toe Wall နဲ့ Fancy Block များလည်း စတင်လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တံတားသစ်တည်ဆောက်လိုက်တဲ့အတွက် ရာမောင်တံတားသစ်ကနေတစ်ဆင့် မင်းပြားနဲ့ ပေါက်တောမြို့နယ်၊ အဲဒီကနေမှတစ်ဆင့် စစ်တွေမြို့ကို လွယ်ကူစွာသွားလာနိုင်ကြပါလိမ့်မယ်။ တံတားဟောင်းကိုလည်း မူလအတိုင်း ဆက်လက်ထားရှိမှာဖြစ်ပြီး ငါးတန်အောက်ယာဉ်တွေကို ဖြတ်သန်းမောင်းနှင်စေမှာဖြစ်ပါတယ်” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) စီမံကိန်းတာဝန်ခံ ဦးမင်းခိုင်က ပြောကြားသည်။

**လေးမြို့မြစ်ဖြတ်**

အဆိုပါ ရာမောင်တံတား တည်ဆောက်ရေးစီမံကိန်းမှာ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ရန်ကုန်-စစ်တွေလမ်း မိုင်တိုင်(၉၁/၂-၉၁/၄)၌ လေးမြို့မြစ်ကို ဖြတ်သန်း၍ ယခင်မူလ တံတားဟောင်း အောက်ဘက် (Down Stream)မှ ပေ ၇၀ အကွာတွင် အသစ်တည်ဆောက်ထားခြင်းဖြစ်သည်။

**ပါဝင်တည်ဆောက်**

တံတားသစ်အမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်နှင့် တံတားအောက်ခံအုတ်မြစ်မှာ ဘိုးပိုင်ဖောင်ဒေးရှင်းအမျိုးအစားဖြစ်ကြောင်း၊ တံတားခန်းဖွင့်အတွက် အရှည် ၁၈ ဒသမ ၂၉ မီတာစီရှိသော R.C Girder နှစ်ခန်း၊ အရှည် ၂၇ ဒသမ ၄၃ မီတာစီရှိသော P.C Girder နှစ်ခန်းနှင့် အရှည် ၆၀ စီရှိသော Steel Box Girder ငါးခန်းတို့ ပါဝင်တည်ဆောက် ထားကြောင်း၊ တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်၍ တံတားသစ်အရှည်ပေ စုစုပေါင်း ၁၂၈၄ ဒသမ ၃ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် အကျယ်သုံးပေစီနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၁၈၀ ရှိကာ အမြင့်ပေ ၂၀ ရှိကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

❍ မိုရက်တာရဲ့သွင်းဂိုးမှ

စပိန်အသင်းနဲ့ ပိုလန်အသင်းတို့ ပွဲစဉ်မှာ စပိန်အသင်းဟာ ပွဲကစားချိန် ၂၅ မိနစ်မှာ မိုရက်တာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၅၄ မိနစ်မှာ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ချေပဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ စပိန်အသင်းဟာ နိုင်ပွဲရရှိမယ့် အခွင့်အရေးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၅၈ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို မိုရီနိုက ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်းမရှိတာကြောင့် သရေတစ်မှတ်နဲ့သာ ပွဲပြီးဆုံးခဲ့ရတာဖြစ်ပါတယ်။

စပိန်အသင်းဟာ အခုပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့တဲ့အပြင် ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ အုပ်စုအဆင့်အဖွင့်ပွဲစဉ်မှာ ဆွီဒင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာလည်း ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ယူရိုပွဲစဉ်နှစ်ပွဲစလုံး သရေရလဒ်ထွက်ပေါ်ခဲ့ကာ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ မှတ်တမ်းဆိုးကို ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စု(F)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပေါ်တူဂီအသင်းနဲ့ ဂျာမနီအသင်းတို့ပွဲစဉ်မှာ ပေါ်တူဂီအသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဂျာမနီအသင်းက ပေါ်တူဂီအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်မှာ စီရိုနယ်လ်ဒိုကတစ်ဂိုး၊ ပွဲကစားချိန် ၆၇ မိနစ်မှာ ဂျိုတာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၅ မိနစ်မှာ ရူဘင်ဒိုင်ယက်စ်(ကိုယ့်ဂိုးကိုယ်သွင်း)၊ ပွဲကစားချိန် ၃၉ မိနစ်မှာ ဂွါရီယို (ကိုယ့်ဂိုးကိုယ်သွင်း)၊ ပွဲကစားချိန် ၅၁ မိနစ်မှာ ဟာဗက်နဲ့ ပွဲကစားချိန်မိနစ် ၆၀ မှာ ဂိုဆန်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အခုယူရို ၂၀၂၀ ပြိုင်ပွဲမှာ သွင်းဂိုးသုံးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး ပေါ်တူဂီအသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၁၇၇ ပွဲပါဝင်ကစားပေးထားကာ နိုင်ငံတကာသွင်းဂိုး ၁၀၇ ဂိုးပြည့်မြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်ရှိအုပ်စု(F)၌ နှစ်ပွဲကစားပြီးချိန်မှာ ပြင်သစ်အသင်းက ရမှတ်လေးမှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီး ဂျာမနီအသင်းက ရမှတ်သုံးမှတ်၊ ပေါ်တူဂီအသင်းက ရမှတ်သုံးမှတ်နဲ့ ဟန်ဂေရီအသင်းက ရမှတ်တစ်မှတ် အသီးသီးရရှိထားပြီး လာမယ့်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက ပြင်သစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ကာ ဂျာမနီအသင်းက ဟန်ဂေရီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ **ငွေကြယ်**

✻ အာရှဖလားမှ

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စက်တင်ဘာအတွင်း ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်၊ မတ် ၂၄၊ ၂၉ ရက်၊ ဇွန် ၁၄ ရက်၊ စက်တင်ဘာ ၂၂၊ ၂၇ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အုပ်စုပွဲများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် မူတည်၍ ပြုလုပ်သွားမည်ဖြစ်သည်။ ကပ်ရောဂါကြောင့် အိမ်ကွင်း၊ အဝေးကွင်းမကျင်းပနိုင်ပါက ဒုတိယအဆင့်ခြေစစ်ပွဲ လက်ကျန်ပွဲများကျင်းပသည့်ပုံစံအတိုင်း အုပ်စုတစ်ခုကို အိမ်ရှင်နိုင်ငံတစ်နိုင်ငံ ရွေးချယ်၍ ပြုလုပ်သွားမည်ဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို အသင်းစုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၂၂ သင်းထွက်ပေါ်ပြီးဖြစ်ကာ အင်ဒိုနီးရှား၊ တရုတ်တိုင်ပေ၊ ကမ္ဘောဒီးယားနှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်မည့် Play-off ပွဲစဉ်မှ အနိုင်ရသည့်နှစ်သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။

လက်ရှိတွင် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ကစားခွင့်ရထားသည့် ၂၂ သင်းမှာ မြန်မာအပါအဝင် တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကူဝိတ်၊ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ ဂျော်ဒန်၊ ပါလက်စတိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကာဂျစ္စတန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ ဟောင်ကောင်၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ နီပေါ၊ ယီမင်နှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ဖြစ်ကြောင်း သိရသည်။ **ကိုညီလေး**




## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**



# ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်

နွမ်ဂျာသိုင်း

(၁၈-၆-၂၀၁၂ မှ အဆက်)

- ၈ -

"ဟောတော့... လာပြန်ပြီလား၊ ဒုက္ခပါပဲ။ ဒီလူ လုပ်ပုံ ဟုတ်မှဟုတ်သေးရဲ့လား မသိဘူး သက်သက်ရယ်။ နေပါဦး။ ကိစ္စက ဘာကိစ္စတဲ့လဲ"

အပြင်မှ ပြန်လာသော ခင်မြင့်ဆွေက သက်သက်၏ 'ကိုနိုင်လင်း လာသွားသေးတယ် မမဆွေ' ဟူသောစကားကြောင့် တအံ့တသြဖြစ်ကာ အလိုမကျသော လေသံဖြင့် ပြန်မေးသည်။

"ဘာကိစ္စမှ မဟုတ်ပါဘူး မမဆွေ။ လမ်းကြုံလို့ ဝင်လာတာတဲ့"

"အို... ဘယ်လိုကြီးလဲ။ လမ်းကလည်း ခဏ ခဏ ကြုံပြီး လမ်းကြုံတိုင်း ဝင်နေတော့ သူ့အလုပ်က ဒီမှာဘာရှိလို့လဲ။ ဒီလူ့ပုံစံ သိပ်မဟုတ်တော့ဘူးထင်တယ် သက်သက်။ နောက်ကို အဲလို ခဏ ခဏလာနေရင် ဆင်းမတွေ့နဲ့။ မမဆွေနဲ့ ဆုံရင်လည်း နောက်လာမလည်ဖို့ ပြောလိုက်မယ်။ ခုကော ဘာတွေပြောသွားသေးလဲ"

ခါတိုင်း ကိုနိုင်လင်းနှင့် ပတ်သက်လျှင် 'ကိုနိုင်'ဟု နာမ်စားသုံးနေရာမှ အမည်ပင် မခေါ်တော့ဘဲ 'သည်လူ'ဆိုသော နာမ်စားကိုပင် ထပ်တလဲလဲသုံးကာ မျက်စိပျက် မျက်နှာပျက်ဖြင့် ဟန့်တားနေသော ခင်မြင့်ဆွေကို ကြည့်၍ သက်သက် အံ့သြသွားသည်။

ခါတိုင်း ကောင်းမိကောင်းလျက်ကနေ သည်နေ့မှ ရုတ်ခြည်း ပြောင်းလဲသွားသော လေသံနှင့် စကားလုံးများကြောင့် ခင်မြင့်ဆွေ အစိုးရိမ်လွန်သွားပြီဟု သက်သက်က တွေးပြီး

"ဘာမှတော့ ထွေထွေထူးထူး ပြောတာဆိုတာမျိုး မရှိပါဘူး မမဆွေ။ မမဆွေကော မရှိဘူးလား။ မမဆွေနဲ့ မတွေ့တာတောင်ကြာပြီ။ ဘာညာလည်း ပြောပါတယ် "

ခင်မြင့်ဆွေ ခေါင်းခါသည်။

"မဟုတ်ဘူး သက်သက်။ ဒါမျိုးကျတော့ သက်သက် နားမလည်ဘူး။ မမဆွေက သက်သက်လို စာတွေပေတွေ မဖတ်ပေမယ့် လူတွေအကြောင်းကို နောကျေတယ်။ ဒီအချိန် မမဆွေ မရှိတတ်တာကို သူ ဘာဖြစ်လို့ မသိရမှာလဲ "

ခင်မြင့်ဆွေ၏ ပြစ်တင်စကားများကို နားထောင်ရင်း သက်သက် သက်ပြင်းချသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကိုနိုင်လင်း အနေအထားက ခင်မြင့်ဆွေ သံသယမကင်း ဖြစ်ချင်လည်းဖြစ်လောက်သည်။

ဟိုအရှေ့ပိုင်း မန္တလေးကို အလုပ်ကိစ္စ သွားစရာရှိ၍ စစ်ကိုင်းကို မှာချင်တာမှာဖို့၊ အကူအညီလိုလျှင် တောင်းလို့ရဖို့ကိစ္စများအတွက် လာစဉ်ကတော့ ဘာမှပြဿနာမရှိ။

မန္တလေးမှာ တစ်ပတ်လောက်ကြာပြီး ကိုနိုင်လင်း ရန်ကုန်သို့ ပြန်ရောက်လာသည်။ ထိုရက်ပိုင်းက လာစဉ်ကလည်း အကြောင်း ကိစ္စပါပြီးသား။ စစ်ကိုင်းမှ သက်သက်မိဘများက လူကြုံဖြင့် စားစရာသောက်စရာလေးတွေ ပေးလိုက်သည်။ စစ်ကိုင်းမှာလည်း နိုင်လင်းက သက်သက်တို့အိမ်ဝင်၍ ကျော်ကျော်နှင့်အဖွဲ့ကျကာ တစ်နေကုန် ဘုရားအစုံ လျှောက်ဖူးခဲ့သည်။ ကျော်ကျော့်အတွက် ဝမ်းသာစရာ သတင်းစကားလည်း ပါသွားသဖြင့် အိမ်ကလည်း လိုလေသေးမရှိ ဧည့်ခံသည်။

မန္တလေးက အလုပ်ကိစ္စကလည်း အဆင်ပြေခဲ့သည်မို့ မိုးမကုန်ခင် ပုံစံဆွဲ၊ ကုန်ကျစရိတ်တွေ တွက်၊ ဘာညာ လုပ်ကာလုပ်ငန်း စလို့ရသည်နှင့် ဆက်တိုက်ဆောက်ဖို့ အိမ်သုံးလေးလုံး လက်ခံထားခဲ့သည်။ ထိုအိမ်များ ဆောက်ချိန်၌လည်း စစ်ကိုင်း၌ လည်ပတ်ဖို့ အကူအညီလိုလျှင်လည်းပေးဖို့ အိမ်နှင့်စည်းဝါးလည်း ကိုက်ခဲ့လေသည်။

သည်နောက်ပိုင်း ကျော်ကျော်တို့ စာမေးပွဲအောင်စာရင်းထွက်တော့ သက်သက်ဆီ လာပြန်သည်။

အတော်ရင်းနှီးလာကြပြီဖြစ်သော မိတ်ဆွေတစ်ယောက်အနေနှင့် သက်သက် ဝမ်းသာအားရပင် ကြိုဆိုဧည့်ခံစကား ပြောခဲ့သည်။ ခင်မြင့်ဆွေ ပြောသည့်ကိစ္စမျိုး လုံးဝ ဆက်စပ်မတွေးမိ။

ခုနောက်ပိုင်းမှာတော့ နိုင်လင်း ပို၍ အလာစိပ်လာသည်။ ရက်ဆက် မဟုတ်သော်လည်း နှစ်ရက် တစ်ခါလောက်တော့ လာတတ်သည်။

မမဆွေ ပြောသလိုများ ဖြစ်နေပြီလား။ သက်သက် ပြန်စဉ်းစားကြည့်၏။

x x x x x

မှတ်မိသလောက် ရှေ့ပိုင်း အိမ်ကိစ္စ၊ ကျောင်းကိစ္စ၊ အာလာပသလ္လာပအပြင် နောက်ပိုင်းပြောသော စကားများမှာ စာအကြောင်းပေအကြောင်း၊ အနုပညာကိစ္စအကြောင်းများသာ ဖြစ်သည်။

သည်ကိစ္စနှင့် ပတ်သက်၍လည်း နိုင်လင်းက ပွင့်ပွင့်လင်းလင်းပင် ပြောခဲ့၏။

" ကျွန်တော့်မှာ ဒီလိုအကြောင်းလေးတွေ ပြောပြစရာ လူမရှိဘူး သက်သက်။ ဒါမျိုးက ဝါသနာချင်းနီးစပ်မှ ပြောလို့ရတာ။ စာအကြောင်း စိတ်မဝင်စားတဲ့သူကို စာအကြောင်း သွားပြောရတာလောက် အရသာမရှိဘူး။ သူတို့က ကြည်အေးဆိုရင် မုန့်တိုက်လောက်ပဲ သိကြတာ။ ဗန်းမော်တင်အောင်ဆိုတာ ရွှေမန်းတင်မောင်နဲ့ ညီအစ်ကို အောက်မေ့ချင် အောက်မေ့နေတာမျိုး "

သက်သက်က နိုင်လင်း၏ ကတ်သီးကတ်သတ် စကားကို ရယ်သည်။

" အလုပ်ထဲကျပြန်တော့လည်း အုတ်ခဲအကြောင်း၊ သံအကြောင်းပဲ ပြောနေရတာ... ။ အဲဒီလူတွေကြားထဲမှာ နန်းတော်ရှေ့ ဆရာတင်အကြောင်း သွားပြောလို့ ရတာ မဟုတ်ဘူး။ သူတို့ စိတ်ဝင်စားတာက ဘယ်မြေကွက်မှာ ဘယ်လိုတိုက်ဆောက်ပြီး ပြန်ရောင်းရင် ဘယ်လောက် မြတ်မယ်ဆိုတာမျိုးလောက်ပဲ ရှိတာ.. "

" ဒါကတော့ စိတ်ဝင်စားရာ စိတ်ဝင်စားရာ လိုက်ပြီး ပြောရ ဆိုရခက်တာတော့ ရှိမှာပေါ့ ကိုနိုင်လင်းရယ်... "

"ဟုတ်တယ်လေ။ အဲဒါကြောင့် အချိန်ရရင် ရသလို သက်သက်ဆီ ဝင်ဝင်လာတာပါ။ သက်သက်နဲ့ စကားပြောရတာ စိတ်ချမ်းသာတယ်။ သက်သက်နဲ့ ကျွန်တော်က စိတ်ဝင်စားတာချင်း တူနေတာကိုး "

သက်သက် မနေတတ်စွာ ပြုံးရင်း

"သက်သက်လည်း ဒီလောက် နားလည်လို့တော့ မဟုတ်ဘူး တချို့ကိစ္စတွေကျတော့ ကြားဖူးနားဝနဲ့ ရမ်းတွယ်နေရတာ။ သက်သက်က စာသိပ်စုံအောင် ဖတ်ဖူးတာ မဟုတ်ဘူး"

ကိစ္စမရှိဘူးလေ။ စိတ်ဝင်စားတယ်ဆိုရင်ကို ပြောရတဲ့အကြောင်းအရာက အသက်ဝင်တာပဲ။ သက်သက်ဖတ်ဖူးတဲ့အထဲက ကောင်းတဲ့စာတွေ ကျွန်တော်သိရသလို ကျွန်တော် ဖတ်ဖူးတဲ့အထဲက ကောင်းတဲ့စာတွေကိုလည်း ဖောက်သည်ချနိုင်တာပေါ့"

"အဲဒါတော့ ဟုတ်ပါတယ်။ သက်သက်မှာ ဒါမျိုးပြောဖို့ စကားဖော်မှ မရှိတာ။ မမဆွေနဲ့ဆို ပိုဝေးသေးတယ်။ သက်သက် စာအုပ်တွေကို စိတ်ဝင်တစားဖတ်နေရင်တောင် သူက အံ့အားသင့်နေတာ...

"အဲဒါ ပြောတာပေါ့။ အိမ်က မမဦးကလည်း ဆရာမတော့ ကျောင်းဆရာမ။ သူ ကျောင်းမှာသင်ရတဲ့ စာကလွဲရင် ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး။ ကျောင်းစာကလွဲရင် မမဦးစိတ်ဝင်စားတာက ဘုရားတရားအလုပ်ပဲ။ ကျွန်တော် စာထဲစိတ်ဝင်စားလို့ ကောင်းပြီဆိုရင် ဘေးကနေ ဗွီဂွမ်လုပ်တော့တာပဲ "

သက်သက်က အသံကလေးထွက်ပြီး ရယ်သည်။

" အဲဒါတော့ သိပ်အပြစ်မတင်ပါနဲ့ ကိုနိုင်လင်း။ မိန်းမ တော်တော်များများက ယောကျ်ား စာဖတ်တာ ဘာဖြစ်လို့လဲမသိဘူး ကြိုက်ကို မကြိုက်ချင်ဘူး။ သက်သက် ကိုကိုကြီး အိမ်မှာလည်း ဒီအတိုင်းပဲ။ သူ့မိန်းမက ကိုကိုကြီး စာဖတ်နေရင် ဘေးကနေ လိုက်နှောင့်ယှက်နေတာပဲ "

" အဲဒါ ခက်တာပေါ့ သက်သက်။ ဒီလိုလေ သူတို့က စာဖတ်ဝါသနာမပါတော့ သူတို့ စာဖတ်လည်း ပျင်းတာပဲ။ သူများ စာဖတ်နေတာကို ဘေးကနေ ထိုင်ကြည့်ရင်လည်း အင်မတန် ပျင်းနေတာ။ အဲဒီတော့ စာဖတ်တာကို ကြည့်လို့ မရတော့ဘူး "

"ဒုက္ခပဲနော်"

" ဟာ.. ဒုက္ခမှ အကြီးအကျယ် ဒုက္ခပေါ့။ ဒါကြောင့် ကျွန်တော်က အိမ်မှာ သိပ်မှမနေတာ။ အလုပ်ထဲမှာကမှ စကားပြောဖော် မရှိပေမယ့် စာလေးဘာလေး ဖတ်လို့ရသေးတယ်။ တော်သေးတာပေါ့"

စဉ်းစားရ တော်တော်ခက်သော ကိစ္စဖြစ်သည်။ ထိုစကားများ ပြောခဲ့စဉ်ကတော့ ခု ခင်မြင့်ဆွေထံမှ သံသယစကားများ ထွက်မလာခင်ကအထိကော ထိုစကားများနှင့် ပတ်သက်၍ ဘာမှတွေးစရာ မရှိခဲ့။

သာမန်အားဖြင့် စကားဦးတည့်ရာ ပြောရင်း ကိုယ့်ဒုက္ခ ကိုယ်ရင်ဖွင့်တာ၊ ကိုယ့်ဘဝအပေါ် ကိုယ်မကျေနပ်တာ ဖွင့်ပြောခြင်း အဖြစ်ဖြင့်သာ သဘောထားခဲ့သည်။

သို့သော် ခင်မြင့်ဆွေအား သည်စကားများ ပြန်ပြောပြလျှင်တော့ သည်စကားများကို မရိုးသားသော စကားများဟု စွပ်စွဲတော့မှာ ဧကန်ပင်ဖြစ်သည်။ အိမ်ထောင်ရှိယောကျ်ားတစ်ယောက် သူစိမ်းအပျိုမိန်းကလေး တစ်ယောက်ကို သူ့အိမ်ထောင်ရေးနှင့် ပတ်သက်၍ စိတ်ဆင်းရဲစရာ၊ မကျေနပ်စရာအကြောင်းများ ဖွင့်ပြောညည်းညူခြင်းသည် အဓိပ္ပာယ် အများကြီးရှိနိုင်၏ဟု ခင်မြင့်ဆွေ တစ်ခါက ပြောခဲ့ဖူးပြီ။

ခက်သည်က သည်စကားများ ပြောခြင်းအတွက် နိုင်လင်းက သူ့ကို ချိန်နေပြီဟု တစ်ထစ်ချ သတ်မှတ်ရန်လည်း မဖြစ်သေး။

သူပြောသလို ဝါသနာတူ စကားပြောဖော်တစ်ယောက်အနေနှင့် ရိုးရိုးသားသား ခင်မင်နေတာကော မဖြစ်နိုင်ဘူးလား၊ နိုင်လင်းသည် သက်သက်ကို တစ်ခါမှ ထိကပါး ရိကပါး ပြောဆိုခြင်းမရှိခဲ့။ အကြည့်ကအစ တည်တည်ငြိမ်ငြိမ်ပင် ရှိသည်။ ကျောင်းက ရိုးရိုးသားသား ခင်ပါသည်ဆိုသော ယောကျ်ားလေး သူငယ်ချင်းများ၌ပင် တစ်ခါတစ်ရံ မရိုးသားသော အကြည့်တွေ တွေ့တွေ့နေရသည်။ နိုင်လင်းထံမှာ ဒါမျိုး မတွေ့ရ။

နောက်တစ်ခုက သူ့မှာ မိန်းမရှိတာကို သက်သက်မသိတာမဟုတ်၊ စသိကျွမ်း ခင်မင်သည်ကပင် မမဦးနှင့်စပြီး ခင်မင်ခဲ့သည့်ကိစ္စ၊ နိုင်လင်းကိုယ်တိုင်ကလည်း လူပျိုယောင်ဆောင်လာတာမျိုးမဟုတ်။ စကားထဲမှာလည်း သူ့မိန်းမအကြောင်းကို အလျဉ်းသင့်သလို ထည့်ပြောသည်။

သည်လိုမဟုတ်လို့ ခေါင်းပေါင်းစ ရှည်ရှည်ချပြီး လူပျိုလို့ နောက်ပိုးစခန်း ဖွင့်လျှင်တော့ သက်သက်က သည်အထိပင် လက်ခံ စကားပြောဖြစ်ခဲ့မည် မဟုတ်။ စကတည်းကပင် "လူပျိုပုံ လာမလုပ် နှင့်၊ ရွာရှုပ်တယ်တော့" ဆိုပြီး နှင်ပစ်ခဲ့မှာ သေချာသည်။

ခင်မြင့်ဆွေ အစိုးရိမ် လွန်သွားတာလည်း ဖြစ်နိုင်သည်။ ဘာမှတော့ သိပ်မသေချာလှ။

နိုင်လင်း ပြောချင်သည်ဆိုသည့် ပြောပြသွားသည့် စာပေအကြောင်းအရာများကို စစ်ကြည့်လျှင်လည်း သိပ်သံသယဝင်စရာတော့ မရှိ။ အများသူငါ ပြောနေကျ စကားမျိုးသာဖြစ်၏။

x x x x x

(ဆက်လက်ဖော်ပြပါမည်)

**"စာအကြောင်း စိတ်မဝင်စားတဲ့သူကို စာအကြောင်း သွားပြောရတာ အရသာမရှိဘူး။ သူတို့က ကြည်အေးဆိုရင် မုန့်တိုက်လောက်ပဲ သိကြတာ။ ဗန်းမော်တင်အောင်ဆိုတာ ရွှေမန်းတင်မောင်နဲ့ ညီအစ်ကို အောက်မေ့ချင် အောက်မေ့နေတာမျိုး "**

(ဆရာနွမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ် " စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း

# ဇွန် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၀၇ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၄၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀၇)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၇၄,၇၀၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၈,၀၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၆၀၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၆၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၆၆) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၇၆) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၈၅) ခု | (၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၇၀) ခု | (၃၀၃) ဦး |
| စုစုပေါင်း | (၃,၄၃၁) ခု | (၄၀၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၀၁၈၄၀ | ၂၈၆၉၄၈၆၁ | ၆၁၇၀၉၁ |
| ၂။ | အိန္ဒိယ | ၂၉၉၁၁၂၄၀ | ၂၈၇၉၈၇၁၀ | ၃၈၇၁၆၁ |
| ၃။ | ဘရာဇီး | ၁၇၈၈၃၇၅၀ | ၁၆၁၈၃၈၄၉ | ၅၀၀၈၆၈ |
| ၄။ | ပြင်သစ် | ၅၇၅၅၄၉၆ | ၅၅၅၅၃၉၈ | ၁၁၀၇၂၄ |
| ၅။ | တူရကီ | ၅၃၆၃၂၀၈ | ၅၂၂၈၄၁၉ | ၄၉၁၂၂ |
| ၆။ | ရုရှား | ၅၃၁၆၈၂၆ | ၄၈၆၉၉၇၂ | ၁၂၉၃၆၁ |
| ၇။ | ဗြိတိန် | ၄၆၂၀၉၆၈ | ၄၂၉၉၈၃၅ | ၁၂၇၉၇၀ |
| ၈။ | အာဂျင်တီးနား | ၄၂၅၈၃၉၄ | ၃၈၆၈၁၀၅ | ၈၈၇၄၂ |
| ၉။ | အီတလီ | ၄၂၅၂၀၉၅ | ၄၀၃၅၆၉၂ | ၁၂၇၂၅၃ |
| ၁၀။ | ကိုလံဘီယာ | ၃၉၁၇၃၄၈ | ၃၆၄၄၂၈၇ | ၉၉၃၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၉၈၉၉၀၉ | ၁၇၉၂၅၂၈ | ၅၄၆၆၂ |
| ၂။ | ဖိလစ်ပိုင် | ၁၃၅၉၀၁၅ | ၁၂၇၇၇၁၅ | ၂၃၆၂၁ |
| ၃။ | မလေးရှား | ၆၉၆၄၀၈ | ၆၂၈၁၈၅ | ၄၄၀၈ |
| ၄။ | ထိုင်း | ၂၁၈၁၃၁ | ၁၈၃၇၅၉ | ၁၆၂၉ |
| ၅။ | မြန်မာ | ၁၄၈၀၂၂ | ၁၃၃၆၀၆ | ၃၂၆၂ |
| ၆။ | စင်ကာပူ | ၆၂၄၁၄ | ၆၂၀၂၃ | ၃၄ |
| ၇။ | ကမ္ဘောဒီးယား | ၄၂၇၁၁ | ၃၇၄၈၉ | ၄၁၁ |
| ၈။ | ဗီယက်နမ် | ၁၁၁၀၇ | ၅၀၅၄ | ၆၄ |
| ၉။ | လာအို | ၂၀၅၃ | ၁၉၄၄ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၅၂ | ၂၄၃ | ၃ |

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) မိမိကစ၍ ကာကွယ်ပါ

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်း မရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေးနှိုးဆော် တိုက်တွန်းအပ်ပါသည်-

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/နှလုံးစသည့်…နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

(၁၄.၆.၂၀၂၁)

# လားရှိုးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ဟိုတယ်များအား ကွင်းဆင်းစစ်ဆေး

**လားရှိုး ဇွန် ၂၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ခရိုင်အဆင့်ကော်မတီက ဦးဆောင်၍ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက စတင်ကာ လားရှိုးမြို့ရှိ ဟိုတယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်ကြရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ခရိုင်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ အဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်း/မြောက်)မှ တာဝန်ရှိသူများ ပါဝင်ကာ Golden Hill Hotel,Asia Hotel,Sunny Hotel,Mansu Hotel,Hotel CS, SMT Hotelနှင့် Two Elephant Hotel များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရေး စစ်ဆေးခဲ့သည်။

လားရှိုးမြို့၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသိအမှတ်ပြုထားသော ဟိုတယ် ၂၂ လုံးနှင့် တည်းခိုခန်းတစ်ခုရှိကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်း/မြောက်)မှ သိရသည်။

ဟိုတယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော စည်းကမ်းများကို လိုက်နာရန် လိုအပ်ပါကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ခရိုင်အဆင့်ကော်မတီဥက္ကဋ္ဌ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက မှာကြားခဲ့ပြီး Two Elephant Hotel ၌ လက်တွေ့ပိုးသတ်ဆေးပက်ဖျန်းခြင်းကို သရုပ်ပြသခဲ့သည်။

လားရှိုးမြို့ရှိ စန်းရွှင်ဟိုတယ်၌ သန္ဓေပြောင်းကူးစက်မြန် ကိုဗစ်-၁၉ ရောဂါအတည်ပြုသူသုံးဦး တွေ့ရှိထားပြီး အဆိုပါဟိုတယ်အား စောင့်ကြည့်ကန့်သတ်မှုများ ပြုလုပ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ဟန်ငွေး(လားရှိုး)**





# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းနှင့် စတစ်ကာများ ဝေငှ

**ကသာ ဇွန် ၂၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ယနေ့နံနက်ပိုင်းက နှာခေါင်းစည်းနှင့် စတစ်ကာများ အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။

ကသာမြို့ဝင်/မြို့ထွက် ကျန်းမာရေးစစ်ဆေးရေးဂိတ်၊ ပတ္တမြားရပ်ကွက်ဈေးနှင့် သီရိခေမာဈေးရှေ့တွင် ကသာမြို့ ပရဟိတလူငယ်များကွန်ရက် လူထုအကျိုးပြုအသင်းနှင့် စေတနာရှင်များ ပူးပေါင်း၍ နှာခေါင်းစည်းများ၊ ကျန်းမာရေးသတိပေးစတစ်ကာများကို ပြည်သူများအား ဝေငှခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# တီးတိန်၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဆက်လက်စစ်ဆေး

**တီးတိန် ဇွန် ၂၀**

ချင်းပြည်နယ် တီးတိန်မြို့၌ သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများ၊ လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့များ ဦးဆောင်မှုဖြင့် မြို့ပေါ်ရှိ လူနာများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့မ Cope Centennial Jubilee Hall (C CJ HALL)၌ ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရာ စုစုပေါင်း ၁၅၁ ဦးတွင် ၄၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြောင်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ လူနာများသည် အမျိုးသား၂၁ ဦးနှင့် အမျိုးသမီး ၂၅ ဦးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# ဝက်လက်မြို့၌ ကိုဗစ်-၁၉ ရောဂါပိုး ခုနစ်ဦး စစ်ဆေးတွေ့ရှိ

**ဝက်လက် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့၌ ဇွန် ၁၈ ရက်က နေမကောင်းဖြစ်နေကြသူ အမျိုးသားလေးဦး၊ အမျိုးသမီး တစ်ဦးကို ရွှေဘိုမြို့ ပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးကို ဝက်လက်မြို့ ပြည်သူ့ဆေးရုံ၌ လည်းကောင်း ဆေးရုံတက်ရောက်ကုသစဉ် RDT Test Kit ဖြင့် စစ်ဆေးခဲ့ရာ အဆိုပါ လူနာခုနစ်ဦးလုံး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြရသဖြင့် ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်အတွင်းထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ စားသောက်ရေးကိစ္စရပ်များကိုလည်း မြို့နယ်အဆင့် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိလူနာများနှင့် ထိတွေ့မှုရှိခဲ့သူ အမျိုးသားလေးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂ ဦးကိုလည်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အတူ ၎င်းတို့၏ နေအိမ်အသီးသီးတွင် Home Quarantine ဖြင့် စနစ်တကျဆောင်ရွက်ထားရှိကြောင်း သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူး လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ရာမောင်တံတားသစ် ရာနှုန်းပြည့် တည်ဆောက်ပြီးစီး



ရာမောင်တံတားသစ်ပေါ်မှ ယာဉ်များ ဖြတ်သန်းသွားလာနေကြသည်ကို တွေ့ရစဉ်။

**မင်းပြား ဇွန် ၂၀**

ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရာမောင်တံတားသစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး ရာနှုန်းပြည့်တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

**လွယ်ကူစွာသွားလာနိုင်**

"ရခိုင်ပြည်နယ်က ဒေသခံပြည်သူတွေ အမှတ်တရထားရှိတဲ့ ရာမောင်တံတားသစ် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီမို့ ဒေသတစ်ခုကနေ အခြားဒေသတစ်ခုကို ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးနဲ့ အများပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်နဲ့ ကုန်တင်ယာဉ်တွေအားလုံး တံတားသစ်ပေါ်ကနေ ဇွန် ၇ ရက် ညနေ ၃ နာရီက စတင်ဖြတ်သန်း မောင်းနှင်ခွင့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားပါတယ်၊ တံတားအဆုံး ကမ်းကပ်ခုံ

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂

## မိုရက်တာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရခဲ့ပေမယ့် နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့တဲ့ စပိန်အသင်း

ယူရို ၂၀၀၈ နဲ့ ယူရို ၂၀၁၂ တို့မှာ ချန်ပီယံဖြစ်ထားတဲ့ စပိန်အသင်းဟာ ဇွန် ၁၉ ရက်ညပိုင်းက ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စု(E)ရဲ့ အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ပိုလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ မိုရက်တာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် လီဝန်ဒိုစကီးရဲ့ ချေပဂိုးကို ခွင့်ပြုပေးခဲ့ရတာကြောင့် သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍



စပိန်အသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၂ ဖေဖော်ဝါရီတွင် စတင်ကျင်းပရန် စီစဉ်ထား

**ရန်ကုန် ဇွန် ၂၀**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရ**

အာရှဘောလုံးအဖွဲ့ချုပ်သည် ဇွန် ၁၅ ရက်က ပြီးဆုံးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် သီးခြားစီကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်)တတိယအဆင့်ခြေစစ်ပွဲ၊ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲနှင့် Play-off ပွဲစဉ်များ ကျင်းပရန် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလား(အာရှဇုန်) တတိယအဆင့် ခြေစစ်ပွဲ၊ ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ Play-off ပွဲစဉ်ကို ယခုနှစ်အတွင်း ကျင်းပကာ ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို လာမည့်နှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ခွင့်မရတော့သော်လည်း အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ✻



ကြေးမုံ ယနေ့ ဖတ်စရာ

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅

သွေးလွန်တုပ်ကွေးအန္တရာယ် အထူးသတိရှိကြစေချင်

စာမျက်နှာ » ၁၆



အာရှအတက် မြန်မာ့အချက်

စာမျက်နှာ » ၁၉

ဆရာနွမ်ဂျာသိုင်း၏ အခန်းဆက်ဝတ္ထုရှည်

ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ ထားချင်တယ်

စာမျက်နှာ » ၂၅